ကြေးမုံ
The Mirror

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ စနေနေ့၊ (20-8-2005) (၄၆၉၃)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatasအား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။
(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရဦးအောင်ထက်တို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၂၀-၈-၂၀၀၅
(စနေနေ့)

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး ကြိုးပမ်း စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ ကြီးမားသော ကုန်ထုတ်လုပ်မှုကဏ္ဍကြီး ဖြစ်သည့်အပြင် နိုင်ငံသူ၊ နိုင်ငံသား အများစုကြီးဖြစ်သည့် တောင်သူလယ်သမားများနှင့် ကျေးလက်နေ ပြည်သူများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလည်းဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က စိုက်ပျိုးရေးကဏ္ဍ ထုတ်လုပ်မှုမြင့်မား လာစေရန် အဘက်ဘက်က အားပေးကူညီနေသည်။ စိုက်ပျိုးရေး လုပ်ငန်းများတွင် အဓိကလိုအပ်သည့် စိုက်ပျိုးရေ လုံလောက်စွာ ရရှိရေး အစီအမံများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်ပေးလျက်ရှိ သည်။ ရေလှောင်တမံများ၊ မြစ်ရေတင်လုပ်ငန်းများကို နေရာဒေသ အလိုက် အခြေအနေပေးမှုများနှင့်အညီ တိုးချဲ့တည်ဆောက် ဖြည့်ဆည်း ပေးနေသည်ကို တွေ့ရသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဩဂုတ်လ ၁၆ ရက်နေ့က မန္တလေးတိုင်း ခရီးစဉ် အတွင်း တည်ဆောက်ရေးစီမံကိန်းများ၊ ရေလှောင်တမံစီမံကိန်းများ၊ ဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းသည် ခရီးစဉ်အတွင်း မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေး အစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားရာတွင် **အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး၊ စိုက်ပျိုးရေရရှိရေး လုပ်ငန်းများသည် ပြည်သူနှင့် တိုက်ရိုက်ထိတွေ့နေသည့် လုပ်ငန်းများ၊ ပြည်သူ့အကျိုးကို တိုက်ရိုက်ဖြစ်ထွန်းစေသည့် လုပ်ငန်းများဖြစ်၍ လုပ်ငန်းများကို သေချာအောင်မြင်အောင်၊ ရေရရှိမှု သေချာအောင် အထူးဂရုပြုလုပ်ကိုင်ဆောင်ရွက်သွားကြရန်** မှာကြားသွားသည်။

နိုင်ငံတော်က မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်လျက် ရှိသည်။ ယင်းသို့ဖော်ဆောင်ရာတွင် ဒေသအတွင်း၌သာမက ဆက်စပ်နေသည့် ဒေသများတွင်ပါ ရေလှောင်တမံများ၊ ရေကူရေလှောင်တမံများ တည်ဆောက်၍ စိုက်ပျိုးရေရရှိရေး အစီအမံများကို ဆောင်ရွက်နေခြင်းဖြစ်သည်။

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်အတွင်း တည်ဆောက်ပြီးဖြစ်သည့် ဇော်ဂျီရေလှောင်တမံမှ ပေးဝေသော ရေနှင့် ရွာငံမြို့နယ်အတွင်း တည်ဆောက်ဆဲ ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံ စီမံကိန်းအကြားရှိ ရေဆင်းဧရိယာများမှ စီးဆင်းသောရေများကို စုစည်း၍ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်လာရေးအတွက် အသုံးပြုသွားမည်ဖြစ်သည်။

ဇော်ဂျီမြစ်ပေါ်၌ တည်ဆောက်လျက်ရှိသည့် ဇော်ဂျီ(မြို့ကြီး) ရေလှောင်တမံမှာ မြေသားတမံ အမျိုးအစားဖြစ်ပြီး ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ လေးသိန်းကျော် ရှိမည်ဖြစ်သည်။ ထို့အပြင် ရပ်စောက်မြို့နယ်တွင် တည်ဆောက်မည့် ကျိုင်းခမ်း ရေလှောင်တမံ စီမံကိန်းမှလည်း ဇော်ဂျီရေလှောင်တမံသို့ ရေကူရေဖြည့် ပေးသွားမည်ဖြစ်ရာ မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးကို ပိုမို အထောက်အကူပြုနိုင်မည်ဖြစ်သည်။

နိုင်ငံတော်က မိတ္ထီလာလွင်ပြင်အပါအဝင် မန္တလေးတိုင်းအတွင်း ဆည်တမံပေါင်း ၄၄ ခုကို တည်ဆောက်ပေးခဲ့ပြီးဖြစ်ရာ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် စိုက်ပျိုးမြေဧက ၅၃၉၀၀၀ ကျော်သို့ စိုက်ပျိုးရေ ပေးဝေနိုင်လျက်ရှိသည်။ မန္တလေးတိုင်းသည် အခြေခံအားဖြင့် စိုက်ပျိုးရေးဖြစ်ထွန်းသောဒေသဖြစ်ရာ စပါးအပါအဝင် နိုင်ငံတော်က သတ်မှတ်ထားသော အဓိက သီးနှံများအနက် ရေမြေဒေသ အလိုက် ဖြစ်ထွန်းနိုင်မည့် သီးနှံများကို ပိုမိုတိုးချဲ့ စိုက်ပျိုးကြရမည် ဖြစ်သည်။

မြန်မာနိုင်ငံ အပူပိုင်းဒေသများသည် မိုးနည်းရပ်ဝန်းဒေသများ ဖြစ်၍ နှစ်စဉ်မိုးရွာသွန်းမှု လျော့နည်းခဲ့သည်။ ယခုအခါ နိုင်ငံတော်က ရာသီဥတုညီညွတ်မျှတစေရေး အထောက်အကူပြုနိုင်ရန် အပူပိုင်းဒေသ ၁၃ ခရိုင်၌ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် လုပ်ကိုင်လျက်ရှိရာ သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြည်စပြုလာပြီဖြစ်သည်။

သို့ဖြစ်ရာ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးနှင့် စိုက်ပျိုးရေ ရရှိရေး လုပ်ငန်းများသည် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့မှုရှိပြီး ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို အကျိုးပြုလျက်ရှိသဖြင့် ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ တောင်သူလယ်သမားများနှင့် ပြည်သူများက အဆိုပါလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်နိုင်ရေး ဝိုင်းဝန်းထိန်းသိမ်း ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တာချီလိတ်မြို့နယ် ဆန်ဆိုင်း အထက ကျောင်းဆောင်သစ်ဖွင့်ပွဲ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင် တက်ရောက်အားပေး

ရန်ကုန် ဩဂုတ် ၁၉

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်း နှစ်ထပ် စာသင်ကျောင်းဆောင် ဖွင့်လှစ်ပွဲနှင့် ရေစက်ချ မင်္ဂလာအခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက အဆိုပါကျောင်း၌ ကျင်းပရာ ကျောင်းဆောင်သစ်အလှူရှင် နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိ အမှူးပြုသော ပင့်သံဃာတော် ကိုးပါး ကြွရောက်တော်မူကြပြီး ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်၊ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တပ်မတော်အရာရှိကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်းအခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်စာသင်ဆောင်ဖွင့်ပွဲတွင် တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် လက်ထောက် ပြည်နယ်ပညာရေးမှူး ဦးလှိုင်မင်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင်ပြန်/ဆက်)

ရှေးဦးစွာ ကျောင်းဆောင်သစ် အလှူရှင် နဂါးနှစ်ကောင်ဆရာတော်က ကျောင်းဆောင်သစ်မှတ်တမ်းလွှာနှင့် ဖွင့်ပွဲအထိမ်းအမှတ် အလံတို့ကို တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်ထံသို့ ပေးအပ်သည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ဆက်လက်၍ ဆန်ဆိုင်း အခြေခံပညာအထက်တန်းကျောင်းသို့ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်နှင့် ဇနီး ဒေါ်ခင်ပြုံးဝင်း မိသားစုက ကွန်ပျူတာ တစ်လုံးနှင့် တာချီလိတ်မြို့ပေါ်ရှိ အလှူရှင်များက ကွန်ပျူတာ ငါးလုံးတို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်သည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

ထို့နောက် နှစ်ထပ် စာသင်ဆောင် ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီး မြင့်ဟန်၊ တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဇော်မိုးအေးနှင့် လက်ထောက် ပြည်နယ်ပညာရေးမှူး (စီမံ) ဦးလှိုင်မင်းတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းမှူး ဗိုလ်မှူးချုပ်မင်းအောင်လှိုင်က ကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

အဆိုပါ ကျောင်းဆောင်သစ်သည် အလျားပေ ၃၀၀၊ အနံပေ ၃၀၊ အမြင့် ၂၅ ပေရှိ အုတ်စီ နှစ်ထပ်စာသင်ဆောင် ဖြစ်ပြီး တာချီလိတ်မြို့ နိုင်ငံတော်ဩဝါဒါစရိယ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မသီရိက ငွေကျပ် ၁၀၂၃၀၁၈၈ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတ နိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဖယ်ရန့် ဆိုမိုကြီး ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ စုပေါင်း သွေးလှူဒါန်းပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းများ၏ (၁၄)ကြိမ်မြောက် စုပေါင်း သွေးလှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကျင်းပသည်။

အခမ်းအနားတွင် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက သွေးလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) ရောဂါဗေဒဌာနမှူး ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီးဉာဏ်ထိန်လင်းက သွေး၏ အာနိသင်အကြောင်းကို ရှင်းလင်းပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်းက ငွေကျပ် ၇၀၀၀၀ တန်ဖိုးရှိ သွေးပိုက်၊ သွေးအိတ်၊ ဆက်စပ်ပစ္စည်းများနှင့် ငွေကျပ် ၃၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) တပ်မှူး ဗိုလ်မှူးကြီးမြင့်မောင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လင်း၊ တပ်မှူး ဗိုလ်မှူးကြီး မြင့်မောင်နှင့် တာဝန်ရှိသူများသည် အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်း ၂၇ ဦးတို့၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးကြသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

မိုးကုတ်ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ကောက်လျင်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၄၈) ဓမ္မရိပ်သာကြီးတွင် တစ်ဦးတည်း ဆွမ်းအလှူရှင် သုဝဏ္ဏ (၂၉)ရပ်ကွက် ကောက်စောလမ်းနေ (ဦးအောင်စည်)-ဒေါ်မြင့်မြင့်အေး၊ သမီး ခြူးသဉ္ဇာ (ကျန်းမာရေးဆေးတိုက်) မိသားစုက လှူဒါန်းသော တရားစခန်းပွဲကို စက်တင်ဘာလ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် နာယက မဟာကမ္မဋ္ဌာနာစရိယ ပြည်တွင်း ပြည်ပ သာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ အရှင်မြတ်နှင့် ဆရာဦးသန့်ဇင် (အဖွဲ့ချုပ်)တို့က ဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas သည် ယနေ့ညနေ ၄ နာရီတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးစိုးသာ၊ ဦးသိန်းဆွေ၊ ရန်ကုန်တိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း(အရှေ့)၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့မှ တိုင်းအတွင်းရေးမှူးများ တက်ရောက်ကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များ၊ နယ်မြေဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေမှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဧည့်သည် အထူးကိုယ်စားလှယ်နှင့်အတူ ကုလသမဂ္ဂဌာနေညှိနှိုင်းရေးကိုယ်စားလှယ်ရုံးမှ ပြည်သူ့ဆက်ဆံရေး အရာရှိ Ms. Elizabeth Noorthy လည်း တက်ရောက်သည်။ (သတင်းစဉ်)

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးအား ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas လာရောက်တွေ့ဆုံစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးအား ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးအား ရန်ကုန်မြို့၌ ရောက်ရှိနေသော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas သည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိ ဗိမာန်ခန်းမသို့ သွားရောက်၍ တွေ့ဆုံ နှုတ်ဆက်သည်။

တက်ရောက်

ထိုသို့ တွေ့ဆုံနှုတ်ဆက်ရာတွင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုးနှင့်အတူ ဒုတိယဥက္ကဋ္ဌ၊ ရှေ့နေချုပ် ဦးအေးမောင်နှင့် အတွင်းရေးမှူး ဦးသောင်းညွန့်တို့ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်နှင့်အတူ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေး ကိုယ်စားလှယ်ရုံးမှ ပြည်ပဆက်ဆံရေးအရာရှိ Ms. Elizabeth Noorthy လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)



အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr. Ali Alatas အား ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဗေယျာသီရိဗိမာန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၀၅ (စနေနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ တေးဂီတအစီအစဉ်
- ၇း၁၀ ပြည်သူ့အတွက်ကျန်းမာရေး (ပိုးလေးဖက်နာရောဂါ မေးမြန်းခန်း)
- ၇း၂၅ တေးဂီတအစီအစဉ်
- ၇း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၇း၃၅ အိုလံပစ်အားကစား ချန်ပီယံများ
- ၈း၀၀ တေးဂီတအစီအစဉ်
- ၈း၀၅ စပါးစပ်မျိုးမှ ဝတ်မှုံအသုံးပြု၍ တစ်သျှူးနည်းဖြင့် မျိုးပွား စပါးထုတ်လုပ်ခြင်း
- ၈း၁၅ နိုင်ငံတကာသတင်းအကျဉ်း
- ၈း၂၀ တေးဂီတအစီအစဉ်
- ၈း၂၅ ဇော်ဝင်းထွဋ် Live Show At MCC 1
- ၈း၅၀ အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာ
- ၉း၀၀ ပြည်တွင်းသတင်းအကျဉ်း
- ၉း၀၅ မိုးလေဝသခန့်မှန်းချက်
- ၉း၁၀ UEFA Stories Euro 1988
- ၉း၃၅ တေးဂီတအစီအစဉ်
- ၉း၄၀ စည်း (ခန့်စည်သူ၊ မျိုးလှိုင်ဝင်း မေသဥ္ဇာဦး၊ ချစ်စနိုးဦး)
- ၉း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၀၀ မြေလျှောင်နှင့် ကမ်းသို့ ရိုက်ခတ်လာသော ရေလှိုင်းကြီးများ (ဆူနာမီ)
- ၁၀း၅၀ တေးဂီတအစီအစဉ်
- ၁၀း၅၅ ကယားရိုးရာ ဝတ်စားဆင်ယင်မှု
- ၁၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ (၄)နာရီစာ အစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ (၄)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

English Premier League

ဘောလုံးပွဲစဉ်များ

ညပိုင်း အစီအစဉ် လိုင်း

- ၅း၃၀ ပွဲကြိုသုံးသပ်ချက်(၁)
  5-Cartoons(Live)
- ၆း၁၅ Aston Villa - Man United
  5-Cartoons(Live)
- ၈း၁၅ ပွဲကြိုသုံးသပ်ချက်(၂)
  5-Cartoons (Live)
- ၈း၃၀ Liverpool-Sunderland
  5-Cartoons (Live)
  Tottenham-Mid;brough
  5-Movies (Live)
- ၁၀း၃၀ West Brom-Portsmouth
  5-Movies (SDD)
- ၁၀း၃၀ ပွဲကြိုသုံးသပ်ချက်(၃)
  5-Cartoons (Live)
- ၁၀း၄၅ Birmingham-Man City
  5-Cartoons (Live)
- ၁း၀၀ Final Score
  5-Cartoons (Live)

ISO 9000 အသိပညာ ပြန့်ပွားရေးနှင့် အရည်အသွေးပြည့်စီမံခန့်ခွဲမှုစနစ် ပြန့်ပွားရေး ဟောပြော

ရန်ကုန် ဩဂုတ် ၁၉

မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ စံချိန်စံညွှန်း သတ်မှတ်ရေးနှင့်အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်တို့ ပူးပေါင်း၍ မြန်မာ့ထုတ်ကုန် အရည်အသွေး တိုးတက်ရေးနှင့် ဈေးကွက်ယှဉ်ပြိုင်မှုစွမ်းအား တိုးတက်ရေးအလို့ငှာ ISO 9000 အသိပညာပြန့်ပွားရေးနှင့် TQM (အရည်အသွေးပြည့်စီမံခန့်ခွဲမှု)စနစ် အသိပညာများပြန့်ပွားရေးအတွက် ဟောပြောပွဲကို ဩဂုတ် ၁၅ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဆွေးနွေးပွဲသို့ မြန်မာ့စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ၊ စံချိန်စံညွှန်း သတ်မှတ်ရေးနှင့် အရည်အသွေးမြှင့်တင်ရေး ဆပ်ကော်မတီအတွင်းရေးမှူး၊ မြန်မာ့သိပ္ပံနှင့် နည်းပညာ သုတေသနဦးစီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးတင်ထွဋ်နှင့် ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အဖွင့်အမှာစကားပြောကြားကြသည်။(သတင်းစဉ်)

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း မေရီချက်(ပ်)မင်းကျောင်းတွင် ကုသပညာပေး

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို)၏ ညွှန်ကြားမှုဖြင့် ရန်ကုန်အသင်းခွဲကစီစဉ်၍ ရန်ကုန်မြို့ဒဂုံမြို့နယ် သံတမန်လမ်းရှိ မေရီချက်(ပ်)မင်း နားမကြားကလေးများကျောင်းတွင် အခမဲ့ကွင်းဆင်း ကုသပညာပေးပွဲကို ဩဂုတ် ၇ ရက်က ပြုလုပ်သည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာဦးဘမြင့် ဦးဆောင်သော မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း(ဗဟို) အလုပ်အမှုဆောင်များ၊ ရန်ကုန်အသင်းခွဲ အလုပ်အမှုဆောင်များ အပါအဝင် သွားနှင့်ခံတွင်း ဆရာဝန်များ စုစုပေါင်း ၃၀ ခန့်က အဆိုပါသင်တန်းကျောင်းရှိ သင်တန်းသား၊ သင်တန်းသူ သွားနှင့်ခံတွင်းဝေဒနာရှင် ၂၀၀ခန့်ကို သွားနှင့်ခံတွင်း ရောဂါများကို ကုသပေးခဲ့ပြီး၊ ဆွံ့အ နားမကြား ကလေးများအတွက် သွားနှင့် ခံတွင်းဆိုင်ရာ ပညာပေးဟောပြောသည်။

ယင်းနောက် ကျပ် တစ်သိန်းနှစ်သောင်းခန့် တန်ဖိုးရှိ သွားတိုက်တံနှင့် သွားတိုက်ဆေးများကို လှူဒါန်းသည်။ (သွားဘက်ဆိုင်ရာ)



ဩဂုတ် ၁၆ ရက်က ဗဟန်းမြို့နယ် အမက(၁၀) ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအဖြစ် ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းယဉ်နှင့် ဆရာမများ၊ မြို့နယ်ကျောင်းကျန်းမာရေးအဖွဲ့မှ ကြီးမှူး၍ ကျန်းမာရေး၊ စစ်ဆေးမှုနှင့် သွေးလွန်တုပ်ကွေးကာကွယ်ရေး လုပ်ငန်းများနှင့် သန်ချဆေး တိုက်ကျွေးမှုများကို ကြိုတင်ကာကွယ်ရေး ပြုလုပ်ပေးစဉ်။
(က-ပ)

အီရတ်နိုင်ငံဘဂ္ဂဒက်မြို့ အမီရိယာအရပ်တွင်ကားဗုံးပေါက်ကွဲမှုကြောင့် သေဆုံးသွားသည့် ခင်ပွန်းသည်အတွက် ငိုကြွေးနေသော အမျိုးသမီး တစ်ဦးကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ခေတ်မီတိုးတက်သော စက်မှုနိုင်ငံတော် ထူထောင်မည် အမျိုးသားနေ့တွင် ဗီယက်နမ်ခေါင်းဆောင်များ ကတိပြု

ဟနွိုင်း ဩဂုတ် ၁၈

ဗီယက်နမ်နိုင်ငံကို ခေတ်မီတိုးတက်သော စက်မှုနိုင်ငံတော်အဖြစ်သို့ တိုးချဲ့တည်ဆောက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ၁၉၄၅ ခုနှစ် ဩဂုတ်လ တော်လှန်ရေးနှင့် အမျိုးသားနေ့ နှစ်ပတ်လည်နေ့တွင် ဗီယက်နမ်ခေါင်းဆောင်များက ကတိပြုလိုက်ကြကြောင်း ဗီယက်နမ်သတင်းဌာနက ဗုဒ္ဓဟူးနေ့တွင် သတင်းထုတ်ပြန်သည်။

ဗီယက်နမ်နိုင်ငံသည် စက်မှုနိုင်ငံအဖြစ်သို့ တိုးချဲ့တည်ဆောက်ခြင်းနှင့် ခေတ်မီနိုင်ငံအဖြစ်သို့တိုးချဲ့တည်ဆောက်ခြင်းတို့အတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗီယက်နမ်တော်လှန်ရေး အစပြုရာဒေသဖြစ်သော နိုင်ငံမြောက်ပိုင်း တူယင်ကျန်းပြည်နယ်၌ အင်္ဂါနေ့က ကျင်းပသည့် အမျိုးသားနေ့ နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌငုယင်ဗန်အင်းက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ်အမီ စက်မှုနိုင်ငံအဖြစ်သို့ ရောက်ရှိလာစေရန် မိမိတို့ ကြိုးပမ်းကြမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အထူးအာရုံစိုက်

ဗီယက်နမ်အစိုးရအဖွဲ့သည် အုပ်ချုပ်ရေးလုပ်ငန်းများတွင် ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်နိုင်မှုနှင့် ဆိုရှယ်လစ်ဥပဒေများကို ခိုင်မာစွာတိုးတက်အောင် ရေးဆွဲမှုတို့ကို အထူးအာရုံစိုက်လျက် ရှိကြောင်း ၎င်းက ပြောကြားသည်။

ခေတ်မီဆန်းသစ်

ဗီယက်နမ်နိုင်ငံသည် ၁၉၈၆ ခုနှစ်မှစ၍ နိုင်ငံတော် ခေတ်မီဆန်းသစ်ရေးလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လာခဲ့ကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်များနှင့်အညီ တရားဥပဒေစနစ်ကို တိုးတက်အောင် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်လျက်ရှိကြောင်း ဗီယက်နမ်ကွန်မြူနစ်ပါတီ တာဝန်ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

နိုင်ငံတကာ သတင်းများ

ပျက်ကျသည့်လေယာဉ်မှ လေယာဉ်မှူးအလောင်း ရှာဖွေတွေ့ရှိ လေကြောင်းဆိုင်ရာ အန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သတင်းပို့ခဲ့ဟုဆို

ဂရမ်မာတီကို(ဂရိ) ဩဂုတ် ၁၈

ခရီးသည် ၁၂၁ ဦး စီးနင်းလိုက်ပါလာသည့် ဆိုက်ပရပ်နိုင်ငံမှ ဘိုးရင်း ၇၃၇ လေယာဉ်တစ်စင်း မြေပြင်သို့ မဆင်းသက်မီ ဂရိနိုင်ငံအတွင်း ပျက်ကျခဲ့ပြီးနောက် ကယ်ဆယ်ရေးလုပ်သားများက လေယာဉ်မှူး၏ အလောင်းကို တနင်္လာနေ့က ရှာဖွေတွေ့ရှိခဲ့သည်။

လေယာဉ်မှ ရှာဖွေတွေ့ရှိခဲ့သည့် အလောင်းများသည် အေးခဲကာ တောင့်တောင့်ကြီးဖြစ်နေကြသည်ဟု ဂရိကာကွယ်ရေးဝန်ကြီးဌာန သတင်းရပ်ကွက်က ပြောကြားသည်။

ရင်ဆိုင်နေရ

၎င်းကယ်ဆယ်ရေးလုပ်သားများက လေယာဉ်၏ မှတ်တမ်းတင် အသံဖမ်းရီကော်ဒါ နှစ်ခုတို့လည်း ရှာဖွေတွေ့ရှိခဲ့သည်ဟု ပြောကြားကြသည်။ ယင်းအသံဖမ်း ရီကော်ဒါတစ်ခုတွင် လေယာဉ်မှူးက ဂရိနိုင်ငံသို့ ဝင်ရောက်စဉ် ဆိုးရွားသည့် လေကြောင်းဆိုင်ရာ အန္တရာယ်ဖြင့် ရင်ဆိုင်နေရကြောင်း သတင်းပေးခဲ့မှု ပါရှိသည်။

ပျက်ကျ

လေယာဉ်ပေါ် စီးနင်းလိုက်ပါလာသူ ၁၁၅ဦး သေဆုံးခဲ့ပြီး အများစုမှာ မီးလောင်ကျွမ်းနေ၍ မည်သူမည်ဝါမှန်း ဖော်ထုတ်နိုင်ခြင်း မရှိတော့ပေ။ ယင်းလေယာဉ်သည်အေသင်မြို့မြောက်ဘက် ကီလိုမီတာ ၄၀ အကွာရှိ တောင်ကုန်းထူထပ်ရာဒေသတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဘာလင်မြို့တွင် လောင်ကျွမ်းသောမီး ကလေးငယ် မီးဆော့ရာမှ စတင်ခြင်းဖြစ်

ဘာလင် ဩဂုတ် ၁၈

လွန်ခဲ့သော ရက်သတ္တပတ်က ဂျာမနီနိုင်ငံ ဘာလင်မြို့လယ်တွင် လောင်ခဲ့ပြီး လူကိုးဦး အသက်ဆုံးရှုံးခဲ့ရသည့်မီးသည် အသက် ၁၂နှစ်သားအရွယ် ယောက်ျားကလေး တစ်ဦးကြောင့် စတင်လောင်ကျွမ်းခဲ့ရခြင်း ဖြစ်ကြောင်း ဘာလင်မြို့ တရားလိုပြ အစိုးရရှေ့နေ တစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကလေးငယ်မှာ မီးလောင်မှုမဖြစ်မီက လှေကားပေါ်တွင် စက္ကူများကို မီးရှို့၍ ကစားနေခဲ့ကြောင်း၊ ထိုစက္ကူမီးမှာ ထိန်းမရတော့ဘဲ ကလေးငယ်ထည့်သော လက်တွန်းလှည်းကို စွဲသွားရာမှ ဆက်လက်လောင်ကျွမ်းရခြင်း ဖြစ်ကြောင်းကို မီးကစားသူကလေးငယ်က ထွက်ဆိုခဲ့သည်ဟု တရားလိုပြ အစိုးရရှေ့နေ မိုက္ကယ်ကရင်ဝဲလ်က ဖော်ပြခဲ့သည်။

အဆိုးရွားဆုံး

အဆိုပါ မီးလောင်မှုကို မူလအစက ရဲဘက်ဆိုင်ရာများသည်ရှို့မီးဟုသံသယရှိခဲ့ကြသည်။ ယင်းမီးလောင်မှုသည် ဘာလင်မြို့တော်တွင် ဖြစ်ပွားသော မီးလောင်မှုများအနက် ဒုတိယကမ္ဘာစစ်အပြီးတွင် ဖြစ်ပွားသည့် အဆိုးရွားဆုံးသော မီးလောင်မှုပင် ဖြစ်သည်ဟု ဆိုသည်။ထိုမီးလောင်မှုကြောင့် အသက်ဆုံးရှုံးရသူ ကိုးဦးမှာ ပိုလန်၊ ကိုဆိုဗိုနှင့် ဘော့စနီးယားနိုင်ငံတို့မှ ဖြစ်ကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အော်စလိုတွင် ပေါက်ကွဲမှုဖြစ်ပွား တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

အော်စလို ဩဂုတ် ၁၈

နော်ဝေနိုင်ငံ အော်စလိုမြို့ တိုက်ခန်းတစ်ခုတွင် ဩဂုတ် ၁၆ရက်ညက ပေါက်ကွဲမှု ဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး အခြားတစ်ဦး ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုအဘယ်ကြောင့် ဖြစ်ပွားရသည်ကို မသိရသော်လည်း ယခုပေါက်ကွဲမှုသည် လက်လုပ်ဗုံးကြောင့် ပေါက်ကွဲရခြင်းဖြစ်သည်ဟု ယူဆကြောင်း သိရသည်။

ပေါက်ကွဲမှုဖြစ်ပွားရာ သုံးထပ်အဆောက်အအုံတွင် နေထိုင်ကြသော အခြားအခန်းများမှ လူတစ်ဒါဇင်ကို ရဲမှပြောင်းရွှေ့နေထိုင်စေပြီး အဆိုပါနေရာကို သီးသန့်ပိတ်ဆို့ထားလိုက်ကြောင်း သတင်းများကဆိုသည်။

ထိုပေါက်ကွဲမှု ဖြစ်ပွားသည့်ကိစ္စကို အော်စလိုရဲတို့က မိမိထံသို့အကြောင်းကြားခဲ့ကြောင်း၊ ယင်းအမှုအခင်းမှာ အကြမ်းဖက်မှု ဟုတ်၊ မဟုတ် စုံစမ်းဖော်ထုတ်နေဆဲဖြစ်ကြောင်း၊ ထိုမှုထက်ပို၍ ယခုအဖြစ်အပျက်ကို ဝေဖန်ပြောကြား နိုင်ခြင်းမရှိသေးကြောင်း၊ နော်ဝေနိုင်ငံ လုံခြုံရေးရဲတပ်ဖွဲ့အကြီးအကဲ ဂျွန်ဟုမ်းက အဖတင်ပိုစတင် သတင်းစာသို့ ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်တပ်ဖွဲ့ဝင်ခြောက်ဦးကယ်ကွတ်တွင်ပစ်သတ်ခံရ

ကယ်ကွတ်(အီရတ်) ဩဂုတ် ၁၈

ပြောက်ကျားများက အီရတ် တပ်ဖွဲ့ဝင်များ၏ မော်တော်ယာဉ်အား အီရတ်နိုင်ငံမြောက်ပိုင်းတွင် မောင်းပြန်သေနတ်များဖြင့် ပစ်ခတ်ရာ အီရတ်တပ်ဖွဲ့ဝင် ခြောက်ဦး ဗုဒ္ဓဟူးနေ့က သေဆုံးခဲ့ကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

အပစ်ခံရ

အီရတ်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် မော်တော်ယာဉ်သည် ကယ်ကွတ်မြို့ရှိ အမေရိကန် စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းသို့ ဦးတည်မောင်းနှင်လာရာ အီရတ်တပ်ဖွဲ့ဝင်များ ဟော်ဝီဂျာမြို့အနီး၌ အပစ်ခံရကာ သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်က ပြောကြားသည်။

ရည်ရွယ်

ပြောက်ကျားများက အမေရိကန် ထောက်ခံအားပေးသည့် အီရတ်အစိုးရအား ဖြုတ်ချရန် ရည်ရွယ်ကာ အီရတ်ရဲတပ်ဖွဲ့နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ထောင်နှင့်ချီ၍ သတ်ဖြတ်ခဲ့ကြသည်။

အီရတ်တပ်ဖွဲ့ဝင်များသည် အမေရိကန် တပ်ဖွဲ့ဝင်များထံမှ လုံခြုံရေးတာဝန် အပြီးသတ် လွှဲပြောင်းယူဖွယ်ရှိသည်။ သို့ရာတွင် အများစုမှာ ပြောက်ကျားများ၏ တိုက်ခိုက်မှုကို ကာကွယ်ရန် အနိုင်နိုင်ဖြစ်နေသည်။

အမ်အင်အေ၊ရိုက်တာ။

ဘဂ္ဂဒက်အနောက်တောင်ပိုင်း လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး

ဘဂ္ဂဒက် ဩဂုတ် ၁၈

ဘဂ္ဂဒက်မြို့အနောက်တောင်ပိုင်းဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးသွားကြောင်းဖြင့် အမေရိကန်စစ်ဘက်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ လှည့်ကင်း လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ဘဂ္ဂဒက်အထူးတပ်ဖွဲ့မှ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး အင်္ဂါနေ့နံနက် ၂ နာရီ ၃၅ မိနစ်က သေဆုံးခဲ့သည်ဟု စစ်ဘက်ကြေညာချက်တွင် ဖော်ပြထားသည်။ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ၎င်း၏ဆွေမျိုးသားချင်းများထံ အကြောင်းကြားနေစဉ်ဖြစ်၍ တပ်ဖွဲ့ဝင်၏ နာမည်ကိုထုတ်ဖော်ကြေညာခြင်း မရှိသေးပေ။

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး မော်တော်ယာဉ် မတော်တဆဖြစ်မှုကြောင့် သေဆုံးသည်ဟု စစ်ဘက်က စောစောပိုင်းကထုတ်သည့် အခြားကြေညာချက် တစ်ရပ်တွင် ဖော်ပြထားသော်လည်း အသေးစိတ် ဖော်ပြခြင်းမရှိပေ။

အမေရိကန်ဦးဆောင်၍ အီရတ်နိုင်ငံအတွင်း ၂၀၀၃ ခုနှစ် မတ်လက ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်အီရတ်နိုင်ငံအတွင်းသေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၁၈၅၀ ခန့်ရှိသွားပြီဖြစ်သည်။***အမ်အင်အေ၊ဆင်ဟွာ။***

ယူဂန္ဒာမြောက်ပိုင်းတွင် အိဒ်စ်တိုက်ဖျက်မည်

ကမ်ပလာ ဩဂုတ် ၁၈

ယူဂန္ဒာအစိုးရသည် နိုင်ငံမြောက်ပိုင်းတွင် အိပ်ချ်အိုင်ဗွီ၊ အိဒ်စ်ရောဂါပြန့်ပွားမှုကို ကိုင်တွယ်ဖြေရှင်းရန် အိဒ်စ်အထူးမဟာဗျူဟာ စီမံချက်တစ်ရပ်ဆောင်ရွက်မည်ဖြစ်ကြောင်း စနေနေ့တွင် ထုတ်ပြန်သော သတင်းတစ်ရပ်တွင် ဖော်ပြသည်။

ယင်းမဟာဗျူဟာတွင် ကျန်းမာရေးဝန်ကြီးဌာန အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်များပါဝင်ကြမည်ဖြစ်ကြောင်း အိဒ်စ်ရောဂါထိန်းချုပ်ရေးအစီအစဉ်အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအဲလီဇာဘက်မာဒရာ၏ ပြောကြားချက်ကို ကိုးကားလျက်သတင်းတွင်ဖော်ပြသည်။***အမ်အင်အေ၊ဆင်ဟွာ။***



အီရတ်နိုင်ငံ အယ်လ်နဒါး ဘတ်စ်ကားဂိတ်တွင် ကားဗုံး ပေါက်ကွဲပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို ဩဂုတ် ၁၈ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒေသဆိုင်ရာ မြို့တော်ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည် အာဆီယံ+၃ ရဲတပ်ဖွဲ့အရာရှိချုပ်များ၏ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

ပေကျင်း ဩဂုတ် ၁၈

အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)နှင့် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယားနိုင်ငံတို့မှ မြို့တော်ရဲတပ်ဖွဲ့ဌာနများအတွင်း ပြည်သူ့လုံခြုံရေးနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်သွားကြရန် တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် ဗုဒ္ဓဟူးနေ့က ဖွင့်လှစ်လိုက်သော အလုပ်ရုံဆွေးနွေးပွဲတွင် ကိုယ်စားလှယ်များက တိုက်တွန်းလိုက်ကြသည်။

မြှင့်တင်

အာဆီယံနှင့် ၎င်း၏ဆွေးနွေးဖက်နိုင်ငံတို့တွင် တည်ရှိသော မြို့တော်ရဲတပ်ဖွဲ့ အရာရှိချုပ်များအတွင်း ရဲတပ်ဖွဲ့လုပ်ငန်းဆိုင်ရာ သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ မြှင့်တင်ကြရန် အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် နှီးနှောဖလှယ်ကြသည်။

ဆွေးနွေး

ရဲတပ်ဖွဲ့ရေးရာများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသို့ အာဆီယံ ၁၀ နိုင်ငံ၊ တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ ရဲအရာရှိ ၈၀ ကျော် တက်ရောက်ကြသည်။ လာမည့် သုံးနှစ်တာကာလအတွင်း ရဲတပ်ဖွဲ့ရေးရာများတွင် သတင်းအချက်အလက်များ အပြန်အလှန်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို မိမိတို့ ရှာဖွေကြမည်ဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ပေကျင်း အိုလံပစ်ပွဲတော်ကို လုံခြုံချောမွေ့စွာ ကျင်းပနိုင်စေရေးအတွက် ဆောင်ရွက်နိုင်မည့် အစီအစဉ်များနှင့်ပတ်သက်၍ ကိုယ်စားလှယ်များ ဆွေးနွေးကြကြောင်း တောင်ကိုရီးယား မြို့တော်ရဲတပ်ဖွဲ့အကြီးအကဲ ဟန်ဂျင်ဟီးက ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်

အိုလံပစ် အားကစားပွဲတော်သည် ပြည်သူများ စိတ်ဝင်စားမှုအရှိဆုံး ပွဲတော်တစ်ရပ်ဖြစ်ပြီး ယင်းပွဲတော်ကို လုံခြုံချောမွေ့စွာ ကျင်းပသွားနိုင်ရန် တရုတ်ရဲတပ်ဖွဲ့နှင့် ဒေသဆိုင်ရာနိုင်ငံများမှ ရဲတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်နိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဂျပန်နှင့် တရုတ်ရဲတပ်ဖွဲ့တို့သည် ရဲတပ်ဖွဲ့ရေးရာများတွင် သတင်းအချက်အလက်များ အပြန်အလှန် ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းများကို ပြုလုပ်နေကြပြီဖြစ်ကြောင်း တိုကျိုမြို့တော်ရဲတပ်ဖွဲ့ ဒုစုံစမ်းထောက်လှမ်းရေး ဗျူရိုအကြီးအကဲ ရှူနီချီကာယိုက ပြောကြားသည်။**အမ်အင်အေ၊ဆင်ဟွာ။**

ဒုတိယမြောက် အထူးစီးပွားရေးဇုန်စီမံကိန်း ကမ္ဘောဒီးယားတွင် အကောင်အထည်ဖော်မည်

ဖနောင်ပင် ဩဂုတ် ၁၈

ကမ္ဘောဒီးယားနိုင်ငံသည် ဒုတိယမြောက် အထူးစီးပွားရေးဇုန်တစ်ခုကို ထူထောင်သွားမည်ဖြစ်ကြောင်း ရက်စ်မေကမ်ပူချားသတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယမြောက် အထူးစီးပွားရေးဇုန် တည်ဆောက်ရေး စီမံကိန်းတစ်ရပ်ကို အတ်ဝုဒ် ရင်းနှီးမြှုပ်နှံရေးအုပ်စုက ထုတ်ပြန် ကြေညာလိုက်ကြောင်း၊ အဆိုပါဇုန်ကို အောက်တိုဘာလတွင် စတင်တည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈၉ သန်း ရင်းနှီးမြှုပ်နှံရန် လိုအပ်ကြောင်း သတင်းစာက ရေးသားသည်။

အဆိုပါ အထူးစီးပွားရေးဇုန်သည် သီဟာနုဗယ်လီတွင် တည်ရှိမည်ဖြစ်ပြီး မြေနေရာ ဟက်တာ ၂၆၀ အကျယ်အဝန်းရှိမည်ဖြစ်ကြောင်း၊ ပင်လယ်ဆိပ်ကမ်းတစ်ခုနှင့် အခြားသောအခြေခံ အဆောက်အအုံများကို တည်ဆောက်ရမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

မြှင့်မားတိုးတက်

အထူးစီးပွားရေးဇုန်ကို တည်ထောင်ခြင်းဖြင့် ကျေးလက်ဒေသများတွင် နေထိုင်သူပြည်သူများ၏ လူနေမှုအဆင့်အတန်း မြှင့်မားတိုးတက်လာမည်ဖြစ်ကြောင်း၊ ၎င်းအပြင် လူငယ်လူရွယ်တို့အတွက် အလုပ်အကိုင်နေရာသစ်များကို ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း အတ်ဝုဒ် ရင်းနှီးမြှုပ်နှံရေးအုပ်စုဥက္ကဋ္ဌ လင်ချစ်ဟိုက ပြောကြားသည်။

လွယ်ကူ

အထူးစီးပွားရေးဇုန်သည် သီဟာနုဗယ်လီ နိုင်ငံတကာပင်လယ်ဆိပ်ကမ်းနှင့် နီးကပ်စွာ တည်ရှိမည်ဖြစ်ရာ ကုန်ကြမ်းပစ္စည်းများကို ပြည်ပမှ တင်သွင်းရန်နှင့် ပြည်ပသို့ ထုတ်ကုန်များတင်ပို့ရန် လွယ်ကူမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အင်ဒိုနီးရှားတွင် မြူခိုးငွေ့များပျံ့နှံ့ စင်ကာပူကကူညီရန် ကမ်းလှမ်း

စင်ကာပူ ဩဂုတ် ၁၈

အင်ဒိုနီးရှားနိုင်ငံတွင် ယခုရက်သတ္တပတ်ကုန်ပိုင်းတွင် မြူခိုးငွေ့များ ကျရောက် နေခြင်းကိုကူညီပေးရန်အတွက် ဓာတုမိုးရွာသွန်းရာ၌ အသုံးပြုမည့် စီ–၁၃၀ စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်တစ်စင်းကို စေလွှတ်ပေးရန် ကမ်းလှမ်းခဲ့သည်။

သတင်းထုတ်လွှင့်

အင်ဒိုနီးရှားနိုင်ငံ ဆုမတြားကျွန်း မီးလောင်မှုဖြစ်ပွားခဲ့ခြင်းကြောင့် မြူခိုးငွေ့များရှိသော နေရာများကို ဂြိုဟ်တုမှဓာတ်ပုံများ ရိုက်ယူခဲ့ပြီး ထိုဓာတ်ပုံများကိုလည်း အင်ဒိုနီးရှားအာဏာပိုင်များထံ စင်ကာပူကပေးခဲ့သည်ဟု နယူးအာရှသတင်းဌာနက အင်္ဂါနေ့တွင် သတင်းထုတ်လွှင့်ခဲ့သည်။

စင်ကာပူနိုင်ငံ၏ ကူညီပေးမှုကို အင်ဒိုနီးရှားအစိုးရက လက်ခံခဲ့ကြောင်း၊ ထိုသို့ ကူညီပေးခြင်းကြောင့် မီးတောက်များကို လျင်မြန်စွာ ငြိမ်းသတ်နိုင်မည်ဟု မျှော်မှန်းထားကြောင်း ပတ်ဝန်းကျင်နှင့် ရေအရင်းအမြစ်ဝန်ကြီး ရာကွတ်ခ်အီဘရာဟမ်၏ ပြောကြားချက်ကို ကိုးကား၍ ဖော်ပြထားသည်။

ယခုအချိန်တွင် အနောက်တောင်လေသည် စင်ကာပူမြို့ပြနိုင်ငံမှ ဝေးရာသို့ တိုက်ခတ်ပြီး ရံဖန်ရံခါ မိုးရွာသွန်းမှုကြောင့် ၎င်းနိုင်ငံတွင် မြူခိုးများ အုံ့ဆိုင်းနေခြင်းမှ ကင်းဝေးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အင်ဒိုနီးရှားနိုင်ငံ နှစ် (၆၀) ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြို့တော်ဂျကာတာ၌ ကျင်းပသည့် ပျော်ပွဲရွှင်ပွဲတွင် ပါဝင်ဆင်နွှဲနေကြသည့် လူငယ်များကို ဩဂုတ် ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ကျန်စုပြည်နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား ခြောက်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိ

ဆူကျိုး ဩဂုတ် ၁၈

တရုတ်နိုင်ငံ အရှေ့ပိုင်း ကျန်စုပြည်နယ် ဝူကျင်းမြို့၌ တနင်္လာနေ့ နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားခဲ့ရာ လူခြောက်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း သတင်းတစ်ရပ်တွင်ရေးသားဖော်ပြထားသည်။

အဆိုပါပြည်နယ်၏ နံပါတ် ၂၂၇ အဝေးပြေးလမ်းမတွင် မီနီဘတ်စ်ယာဉ်သည် ကုန်တင်ယာဉ်ကို ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်းနှင့် ထိုယာဉ်တိုက်မှုဖြစ်ပွားခဲ့သောအချိန်သည် တနင်္လာနေ့ နံနက် ၅ နာရီခန့်က ဖြစ်သည်ဟု ဒေသတွင်းရဲဌာနက ပြောကြားခဲ့သည်။ မီနီဘတ်စ်ယာဉ်တွင် လိုက်ပါလာသူ အမျိုးသားငါးဦးသည် ယာဉ်တိုက်မှုဖြစ်ပွားရာနေရာတွင် သေဆုံးခဲ့ပြီး အမျိုးသမီးခရီးသည် တစ်ဦးသည် ဆေးရုံတွင် သေဆုံးခဲ့သည်။

ယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သူများသည် ဆေးရုံတက်ရောက်နေကြဆဲဖြစ်ကြောင်း၊ အဆိုပါ ယာဉ်တိုက်မှု၏ အကြောင်းရင်းကို ဆက်လက်စုံစမ်းဆဲဖြစ်ကြောင်း ဒေသခံရဲဌာနက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

မေးခိုင်ရောဂါကာကွယ်ရေး နီပေါတွင်ဆောင်ရွက်မည်

ခတ္တမန္ဒူ ဩဂုတ် ၁၈

နီပေါကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် နိုင်ငံအတွင်း ခရိုင်ခုနစ်ခရိုင်၌ မေးခိုင်ရောဂါကာကွယ်ဆေးထိုးနှံရေး ရှေ့ပြေးစီမံချက်တစ်ရပ်ကို ယခုနှစ် နိုဝင်ဘာလမှစတင်ပြီး ဆောင်ရွက်မည်ဖြစ်သည်။

မိုရန်း၊ ချစ်ဝန်၊ နာဝါပါရာဆီ၊ ပါလ်ပါ၊ ဒါဒင်း၊ ဆူရှဲခက်နှင့် ကန်ချန်ပူရ်ခရိုင်တို့တွင် အရွယ်ရောက်သူအမျိုးသမီးများအား မေးခိုင်ရောဂါကြိုတင်ကာကွယ်ဆေး သုံးကြိမ် ထိုးနှံပေးမည်ဖြစ်ကြောင်း ဝန်ကြီးဌာနက တနင်္လာနေ့တွင် ကြေညာသည်။

အမ်အင်အေ၊ဆင်ဟွာ။

လက်ဘနွန်နိုင်ငံ မြို့တော်ဘေရွတ်တွင် ဗုံးပေါက်ကွဲပါက ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား လေ့ကျင့်နေကြသည့် မီးသတ်သမားများကို ဩဂုတ် ၁၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အာဖဂန်နစ္စတန်တွင် လမ်းဘေးဗုံး ပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိ

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဩဂုတ် ၁၈

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းဒေသရှိ ကန်ဒါဟာမြို့တွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် အာဖဂန် ရဲတပ်ဖွဲ့ဝင် ၁၆ ဦး ဗုဒ္ဓဟူးနေ့က ထိခိုက်ဒဏ်ရာရရှိသွားကြောင်းဖြင့် ရဲတပ်ဖွဲ့က ပြောကြားသည်။

ရဲတပ်ဖွဲ့မှ မော်တော်ယာဉ်သည် ကန်ဒါဟာမြို့၏ လူစည်ကားရာဒေသတွင် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် ထိခိုက်ခဲ့ရခြင်းဖြစ်သည်။

အဆိုပါဗုံးသည် အဝေးထိန်းစနစ်ဖြင့် ဖောက်ခွဲခြင်းဖြစ်ပြီး တာလီဘန်တိုက်ခိုက်ရေးသမားများ၏ လက်ချက်ဖြစ်သည်ဟု တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။ ယင်းပြောကြားချက်နှင့်ပတ်သက်၍ မည်သည့် တာလီဘန်အဖွဲ့ဝင်များမှ ချက်ချင်းတုံ့ပြန်ပြောကြားခြင်း မရှိသေးပေ။

ဒဏ်ရာရ

အင်္ဂါနေ့ကလည်း ယင်းသို့ အလားတူတိုက်ခိုက်မှုမျိုး အူရပ်စ်ဂန်ပြည်နယ်တွင်ဖြစ်ပွားခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင်ရှစ်ဦး ဒဏ်ရာရရှိခဲ့ကြသည်။

ကြေညာ

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် တွန်းလှန်တိုက်ခိုက်ရေးသမားများ ကူနာပြည်နယ် အရှေ့ပိုင်းဒေသတွင် တိုက်ခိုက်မှုဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ကြသည်ဟု အမေရိကန်စစ်ဘက်က ကဘူးမြို့တော်တွင် ထုတ်ပြန်သည့် ကြေညာချက်တွင်ပါရှိသည်။

လာမည့်လတွင် အာဖဂန်နစ္စတန်နိုင်ငံတွင် ရွေးကောက်ပွဲမကျင်းပမီ အရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် တာလီဘန်အဖွဲ့ဝင်များနှင့် အစ္စလမ္မစ်အမာခံအုပ်စုများက မကြာမီရက်သတ္တပတ်များအတွင်း တိုက်ခိုက်မှုများ ဆက်တိုက် ပြုလုပ်ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

ရွှေတိဂုံစေတီတော်နှင့် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်တို့၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားများကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ယနေ့သည် ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) ဖြစ်သည်။ မြတ်ဗုဒ္ဓသည် ရဟန်းတော်ငါးရာကို အကြောင်းပြု၍ မေတ္တာသုတ်တရားတော်ကို ဝါခေါင်လတွင် ဟောကြားတော်မူခြင်း၊ ရဟန်းတော်ငါးရာတို့ တောအုပ်သို့ပြန်၍ ဝါခေါင်လ၏ ပစ္ဆိမဝါကပ်တော်မူခြင်း၊ ရဟန်းတော်တို့၏ မေတ္တာအငြိမ်းဓာတ်ကြောင့် ယခင်က အမျိုးမျိုးနှောင့်ယှက်ခဲ့ကြသော နတ်အချို့က ချစ်ခင်လာကြပြီး ငြိမ်းချမ်းစွာနေထိုင်ကြခြင်း၊ ရဟန်းတော်ငါးရာတို့သည် ထိုတောအုပ်မှာပင် မေတ္တာတရားကို ပွားများ၍ ဝိပဿနာတရားကို ဆက်လက်အားထုတ်ကြရာ ဝါတွင်းမှာပင် ရဟန္တာဖြစ်တော်မူခြင်းတို့ကို အကြောင်းပြု၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့အဖြစ် ကျင်းပကြသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)အဖြစ် ပန်းပေါင်းစုံ ပူဇော်ပွဲအခမ်းအနားကို နံနက် ၆နာရီခွဲတွင် စေတီတော်ရင်ပြင်တော်၌ ကျင်းပရာ ရှေးဦးစွာ စေတီတော်ဂေါပက အဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက သာသနာ့အလံများကိုင်ဆောင်ကာ အောင်စည်အောင်မောင်းများ တီးမှုတ်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်တစ်ပတ်လှည့်လည်ဖူးမြော် ကြည်ညိုပူဇော်ကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ဦးဆောင်၍ ရင်ပြင်တော်ရှိ ကကုသန္ဓ၊ ကောဏာဂမန၊ ကဿပ၊ ဂေါတမနှင့် ပဒ္မာမြားမျက်ရှင်ဆုတောင်းပြည့်မြတ်စွာဘုရားရှင်တို့အား ပန်းပေါင်းစုံဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ထို့ပြင် ရွှေတိဂုံစေတီတော်ကြီး၌ ဥပုသ်သီလ ဆောက်တည်ကြသူများ၊ မေတ္တာသုတ် ရွတ်ပွားပူဇော်သူများ၊ ကောင်းမှုကုသိုလ်ပွားများကြသူများ၊ အလှူဒါနပြုကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိရသည်။

မေတ္တာအခါတော်နေ့တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ စေတီတော်ပရိဝုဏ်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နံနက် ၁၀နာရီတွင် ဥပုသ်သီလ ဆောက်တည်ကြသူများအား ဆိပ်ကမ်းမြို့နယ် မွန်ပရိယတ္တိကျောင်းဆရာတော် ဘဒ္ဒန္တကေသရက ကိုးပါးသီလ ချီးမြှင့်တော်မူသည်။

မွန်းလွဲ ၁၂နာရီခွဲတွင် မဟာဂန္ဓာရုံကျောင်းမှ ဓမ္မာစရိယ ဘဒ္ဒန္တဉာဏိဿရထံမှ လည်းကောင်း၊ ညနေ ၃နာရီတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဝိမလာဘိဝံသထံမှ လည်းကောင်း ပရိသတ်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို နာကြားကြသည်။

သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲတွင် ငှက်များအား ဘေးမဲ့လွှတ်ပေးကြစဉ်။ (ကြေးမုံ)

အလားတူ သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)နှင့် သက်လွှတ်ပွဲ မင်္ဂလာအခမ်းအနားကို နံနက် ၇နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ အာရုံခံတန်ဆောင်းနှင့် စေတီတော်ရင်ပြင်တို့၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရှေးဦးစွာ ကမ္ဘာအေးဘုရားရှိခိုးဖြင့် ပူဇော်ကန်တော့ကြပြီး ဂေါပကအဖွဲ့အလှည့်ကျ သဘာပတိ ဦးစောကြိုင်က မေတ္တာအခါတော်နေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝတ်အသင်းအဖွဲ့ဝင်များက မေတ္တာသုတ်အမွှန်းနှင့် မေတ္တာသုတ်ပါဠိတော်များကို ရွတ်ဖတ်ပူဇော်ကြပြီး မေတ္တာဘာဝနာကို စုပေါင်း၍ ပွားများကြသည်။ ထို့နောက် မေတ္တာသုတ်လာ မေတ္တာပွားနည်း ၁၁ နည်းလင်္ကာကို ရွတ်ဆိုကာ မေတ္တာပို့အမျှပေးဝေကြပြီး ကမ္ဘာအေး အမျှဝေစာတမ်းကို ရွတ်ဆိုပူဇော်ကြသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များနှင့် ဝတ်အသင်းအဖွဲ့ဝင်များသည် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ရင်ပြင်၌ ချိုးငှက်နှင့် စာကလေးများကို လွှတ်ကာ မေတ္တာအခါတော်နေ့ ဇီဝိတဒါန သက်လွှတ်ပွဲကို ကျင်းပကြသည်။ သာသနာရေးဝန်ကြီးဌာန အခြေခံဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်းနည်းပြ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိ(မာဂဓီ–သာစည်)ဆရာတော် ဦးဆောင်သော (၂၃)နှစ်မြောက် သင်တန်းသား၊ သင်တန်းသူများသည် နံနက် ၈နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာသိမ်တော်ကြီး၌ ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အခမ်းအနားကို ကျင်းပကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ထိခြင်းငါးပါးဖြင့် စနစ်တကျဂါရဝပြုကာ မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်းနှင့် ဆီမီးများ ဆက်ကပ်လှူဒါန်း၍ သာသနာလျှောက်ထားလွှာကို ရွတ်ဆိုလျှောက်ထားကြသည်။

ဆက်လက်၍ သင်တန်းသူများက မေတ္တာအခါတော်နေ့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဂါထာများ၊ ဝတ္ထုများ၊ အမွှန်းဧကပိုက်ရတုများကို ရွတ်ဆိုဖတ်ကြားပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် မဟာသိမ်တော်ကြီးရှေ့၌ ဇီဝိတဒါနအလှူရှင် ရန်ကုန်မြို့ ဇီဝကလမ်းနေ ဒေါ်မြင့်မြင့်သိန်းလှူဒါန်းသော ချိုးငှက်နှင့် စာကလေးများကိုလွှတ်ကာ ဇီဝိတဒါန သက်လွှတ်ပွဲကို ကျင်းပသည်။

ထို့အတူ မဟာဝိဇယစေတီတော်၊ ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီတော်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ မယ်လမုစေတီတော်၊ ရန်ကင်းမြို့နယ်ရှိ မိုးကောင်းစေတီတော်၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ကျိုက္ကဆံစေတီတော်၊ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ဗဟန်းမြို့နယ်ရှိ ငါးထပ်ကြီးနှင့်ခြောက်ထပ်ကြီးဘုရား၊ စမ်းချောင်းမြို့နယ်ရှိ ကိုးထပ်ကြီးဘုရားအပါအဝင် ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုးစေတီများ၊ မြို့နယ်အသီးသီးရှိ ဓမ္မာရုံများ၌ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)အဖြစ် ဇီဝိတဒါန သက်လွှတ်ပွဲများ၊ ဓမ္မပူဇာအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ကျင်းပကြပြီး ဘုရားများ၊ ဓမ္မာရုံများ၌ မေတ္တာဘာဝနာ၊ ဝိပဿနာဘာဝနာ စီးဖြန်းကြသူများဖြင့်လည်း အထူးများပြားသည်ကို တွေ့ရှိရသည်။

(သတင်းစဉ်)

ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) အထိမ်းအမှတ်အဖြစ် ဝါတွင်းဥပုသ်သီလ ဆောက်တည်ပွဲကို ရွှေတိဂုံစေတီတော် ရှေးဟောင်းရုပ်ပွားတော်များတန်ဆောင်း၌ ကျင်းပရာ မင်္ဂလာတောင်ညွန့်မြို့နယ် ဒေဝသာဂရသိမ်ကုန်းကျောင်းတိုက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဣန္ဒကထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (ကြေးမုံ)

မဟာစည်သာသနာ့ရိပ်သာ မေတ္တာအခါတော်နေ့ကျင်းပ

ရန်ကုန် ဩဂုတ် ၁၉

ကိုးမိုင် မဟာစည်သာသနာ့ရိပ်သာတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါခေါင်လပြည့်(မေတ္တာအခါတော်နေ့) သက်လွှတ်ပွဲနှင့် မေတ္တာပို့ ရွတ်ဖတ်ပူဇော်ပွဲ မင်္ဂလာအခမ်းအနားကို ရိပ်သာအတွင်း မဟာစည်ဓမ္မာရုံကြီး၌ ယနေ့နံနက် ၈နာရီတွင် ကျင်းပရာ ဟိတေသီအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထွန်းက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဘုရားကန်တော့ကာ မေတ္တာအခါတော်နေ့ မင်္ဂလာအခမ်းအနားကို ဖွင့်လှစ်ပြီး ဟိတေသီအဖွဲ့ဝင် ရဟန်း၊ ရှင်လူယောဂီများက မေတ္တာသုတ်ပါဠိတော်၊ မေတ္တာသုတ်မြန်မာပြန်၊ ရှစ်လုံးဘွဲ့ကဗျာများဖြင့် ညီညီညာညာ ရွတ်ဆိုပူဇော်ကြသည်။

ရှင်းလင်းဟောကြား

အစီအစဉ်အရ အတွင်းရေးမှူး ဦးမောင်မောင်ကြည်က သတ္တဝါများအပေါ် မေတ္တာထားကြရန်နှင့် သက်သတ်လွတ်စားခြင်း၏ အကျိုးသက်ရောက်မှုများကို တင်ပြပြီး ကိုးမိုင် မဟာစည်ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ (အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) အရှင်သူမြတ်က မေတ္တာဘာဝနာ ပွားများပုံများကို ရှင်းလင်းဟောကြားတော်မူသည်။

ဆက်လက်၍ ဆရာလေးဒေါ်ပညာရီက ၎င်း၏ (၅၄)နှစ်မြောက် မွေးနေ့မင်္ဂလာအဖြစ် သက်သတ်လွတ် မေတ္တာဆွမ်းလှူဒါန်းသည်။ ထို့နောက် ဒေါက်တာတင်ခိုင်မြင့်က အလှူရှင်များ၏ အမည်စာရင်းကို ဖတ်ကြား၍ ဂုဏ်ပြုလွှာချီးမြှင့်ပြီး မေတ္တာပို့ကာ စာကလေး အကောင်ကိုးရာကျော်ကို ကျောင်းပရိဝုဏ်အတွင်း ဘေးမဲ့လွှတ်ပြီး ငါးအကောင် တစ်ထောင်ကျော်ကို မဟာဓမ္မပါလကုန်းမြေ စွယ်တော်ကန်၌ ဘေးမဲ့လွှတ်ကြသည်။ **(အောက်ပုံ)** (သတင်းစဉ်)

စက်ခလုတ်နှိပ်ဖွင့်လှစ်

ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးဦးစီး ကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ရွှေတိဂုံ စေတီတော် မိုးရာသီဓာတ်ပုံပြပွဲဖွင့်ပွဲ အခမ်းအနားဆိုင်းဘုတ်ကို စက်ခလုတ် နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

လှူအပ်လှူဒါန်း

ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီး ကော်မတီဥက္ကဋ္ဌ၊ သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး **H.E.Mr.Rajiv Kumar Bhatia** က သာသနာတော်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံကို လှူအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် မိုးရာသီဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်ကြည့်ရှု

ရန်ကုန် ဩဂုတ် ၁၉

တွေ့မြင်ကြည့်ရှုရန်ခက်ခဲသော ရွှေတိဂုံစေတီတော်ဆိုင်ရာ မော်ကွန်းဓာတ်ပုံများကို အများပြည်သူတို့ လေ့လာကြည့်ရှုနိုင်စေရန် ရွှေတိဂုံစေတီတော် မိုးရာသီဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့) နံနက် ၈နာရီတွင် စေတီတော်ရင်ပြင် ချမ်းသာကြီးတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့ တက်ရောက်ကြည့်ရှု၍ ဖွင့်ပွဲအခမ်းအနားကို ချီးမြှင့်သည်။

တက်ရောက်ကြည့်ရှု

ဖွင့်ပွဲအခမ်းအနားသို့ သာသနာရေး ဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ် သူရအောင်ကိုနှင့် ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စေတီတော် ဂေါပကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Rajiv Kumar Bhatia နှင့် သံရုံးအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များ၊ ဘုရားဖူးလာ ဧည့်ပရိသတ်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြည့်ရှုကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ နမော တဿသုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်သည်။

ရွှေသင်္ကန်းတော်ကပ်လှူပူဇော်

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ၊ ရွှေတိဂုံစေတီတော် မိုးရာသီ ဓာတ်ပုံပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီဥက္ကဋ္ဌ၊ ဂေါပကအဖွဲ့ဝင် ဦးမြသိန်းက ရွှေတိဂုံစေတီတော် မိုးရာသီ ဓာတ်ပုံပြပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး အား ရွှေသားတောင်ထွတ်ကြီးပမာ တင့်တယ်စွာ ဖူးတွေ့ကြည့်ရှုနိုင်စေရန် အစဉ်အလာအရ ပြုမြဲဒါနအနေဖြင့် လုံးတော်ပြည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်သော အလှူတော်လုပ်ငန်းရပ်ကြီးကို ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်မှ ၂၀၀၅ ခုနှစ် မေ ၂၂ ရက်ကာလအတွင်းတွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း။

လုံးတော်ပြည့် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်းနှင့်အတူ ရွှေထီးတော်ကြဲ့ခိုင်မှု စစ်ဆေးဆောင်ရွက်ခြင်း၊ ကိုယ်လုံးတော်ကြံ့ခိုင်မှုဆောင်ရွက်ခြင်း၊ ဗိသုကာပုံစံတိုင်းတာခြင်း အစရှိသော လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တိုင်းရင်းသား ပြည်သူအပေါင်းတို့က မွန်မြတ်ထက်သန်သော စေတနာ၊ သဒ္ဓါတရားတို့ဖြင့် ရွှေငွေရတနာများ လှူဒါန်းခဲ့ရာ အရွယ်စုံရွှေပြား စုစုပေါင်း ၃၆၄၀ ချပ်၊ ရွှေသားအလေးချိန်အနေဖြင့် ၁၁၇ ဒသမ ၃၁ ပိဿာ၊ နှစ်လက်မပတ်လည် ရွှေဆိုင်းပေါင်း ၃၈၁၆၇ ဆိုင်း၊ ရွှေပါး လွှာ ၇၇ ချပ်၊ စုစုပေါင်းတန်ဖိုးငွေကျပ် သိန်းပေါင်း ၂၉၀၀၀ ကျော်တို့ကို ရဟန်းရှင်လူ ပြည်သူအပေါင်းတို့က စုပေါင်းလှူဒါန်းခဲ့ကြကြောင်း။

ပါဝင်ကုသိုလ်ပြုကြ

ထိုမျှသာမက မြန်မာ့မီးရထားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ မြန်မာ့သဘော်ကျင်းလုပ်ငန်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အစရှိသော နိုင်ငံတော် အစိုးရဌာနများမှပညာရှင်များ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များကလည်း သက်ဆိုင်ရာကဏ္ဍ အသီးသီးတွင် ပါဝင်ကုသိုလ်ပြုခဲ့ကြကြောင်း။

ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ငြမ်းစေတီပေါ်၌ ဆောင်ရွက်ခဲ့သည့် ရွှေသင်္ကန်းတော်ကပ်လှူပူဇော်ခြင်း၊ ရွှေထီးတော် ကြံ့ခိုင်မှုစစ်ဆေးဆောင်ရွက်ခြင်း၊ ကိုယ်လုံးတော်ကြံ့ခိုင်မှုဆောင်ရွက်ခြင်း အစရှိသည့်လုပ်ငန်းရပ်များအား ဓာတ်ပုံပညာရှင်များက မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကာ မော်ကွန်းမှတ်တမ်းပြုလှူဒါန်းခဲ့ကြကြောင်း။

အများပြည်သူတို့ လွယ်လင့်တကူ တွေ့မြင်ဖူးမြော်ရန် အခွင့်မကြုံနိုင်သည့် ရွှေတိဂုံစေတီတော်ဆိုင်ရာ ကြည်ညိုဖွယ်ရာ မှတ်တမ်းဓာတ်ပုံများကို စုစည်းပြီး ရဟန်းရှင်လူအများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် ရွှေတိဂုံစေတီတော် ၂၀၀၅ ခုနှစ် မိုးရာသီဓာတ်ပုံပြပွဲကြီးကို ဖွင့်လှစ်ပြသရခြင်းဖြစ်ကြောင်း။

ဤမိုးရာသီ ဓာတ်ပုံပြပွဲကြီးတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ပြကွက်ကြီးခုနစ်ခုခွဲခြားပြီး ခင်းကျင်းပြသထားရာ ပြကွက်(၁)၌ ဦးခိုက်ပူဇော် ရွှေထီးတော်ကဏ္ဍတွင် စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့်တကွ ရွှေထီးတော် ဘုံဆင့်များမှာ ရွှေငွေရတနာများ ဆက်ကပ်လှူဒါန်းထားပုံကို ဖူးမြော်ကြည်ညိုနိုင်သော ဓာတ်ပုံများ ပြသထားကြောင်း။

ပြကွက်(၂)၌ ဗိသုကာစွမ်း အံ့မခန်းကဏ္ဍတွင် ဗိသုကာလက်ရာ အထူးပြောင်မြောက်စွာ ဖွဲ့စည်းတည်ဆောက်ထားသော စေတီတော်ကြီး၏ ကိုယ်လုံးတော်၊ အင်္ဂါရပ်တော် အစိတ်အပိုင်းများ၏ ကြည်ညိုဖွယ်ဓာတ်ပုံများ ပြသထားကြောင်း။

ပြကွက်(၃)၌ ထီးတော်မှသည် လှမ်းမျှော်ရည်ကဏ္ဍဖြင့် ထီးတော်ပေါ်မှ ပတ်ဝန်းကျင်အရပ်မျက်နှာ အသီးသီးသို့ တွေ့မြင်လေ့လာရမည့် ရှုခင်းဓာတ်ပုံများကို ပြသထားသည်။

ပြကွက်(၄)၌ အံ့ဖွယ်စုံညီ ငြမ်းစေတီကဏ္ဍတွင် စေတီတော်မြတ်ကြီး အင်္ဂါရပ်တော် အစိတ်အပိုင်းများတွင် လုပ်ငန်းဆောင်ရွက်ရန် စေတီတော်ကြီး၏ တင့်တယ်သော မူလပုံသဏ္ဍာန်အတိုင်း အနုပညာလက်ရာ မြောက်စွာ ငြမ်းစေတီ တည်ဆောက်မှုလုပ်ငန်း ဓာတ်ပုံများကို ပြသထားကြောင်း။

ပြကွက်(၅)၌ လုပ်ငန်းဆောင်ရွက် ကုသိုလ်ဆက်ကဏ္ဍတွင် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်ခြင်း၊ ရွှေထီးတော် ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ ကိုယ်လုံးတော် ကြံ့ခိုင်မှုစစ်ဆေးခြင်း အစရှိသော လုပ်ငန်းများ ဆောင်ရွက်ပုံ၊ လှူပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ပြသထားကြောင်း။

ပြကွက်(၆)၌ အလှူတော်သဘင်ပွဲစုံလင်ကဏ္ဍတွင် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သော ကာလအတွင်း၌ ကျင်းပခဲ့သော အလှူတော်မင်္ဂလာ အခမ်းအနားကြီးများ၏ မှတ်တမ်းဓာတ်ပုံများ ခင်းကျင်းပြသထားကြောင်း။

ခင်းကျင်းပြသထား

ပြကွက်(၇)၌ ကြည်ညိုဖွယ်စုံ မြတ်ရွှေတိဂုံကဏ္ဍတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် အရံသာသနိက အဆောက်အအုံများအား ရှုထောင့်မျိုးစုံမှ ဖူးတွေ့ကြည်ညိုရပုံများ၊ ရွှေတိဂုံစေတီတော်တွင် သာသနာရေးဆိုင်ရာ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ခင်းကျင်းပြသထားကြောင်း။

အထူးသဖြင့် ယနေ့မိုးရာသီ ဓာတ်ပုံပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် အိန္ဒိယနိုင်ငံ သံအမတ်ကြီးက ဗုဒ္ဓသာသနာတော်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံကြီးများကို လာရောက်လှူဒါန်းသည့်အတွက် အထူးပင် ဝမ်းမြောက်စွာ သာဓုအနုမောဒနာပြုအပ်ပါကြောင်း။ ဆက်လက်၍ သာသနာတော်ဆိုင်ရာ မှတ်တမ်းဓာတ်ပုံများကိုလည်း ဗုဒ္ဓဘာသာဝင်များ လေ့လာကြည်ညိုသဒ္ဓါပွားနိုင်ရန် ဤဓာတ်ပုံ ပြခန်းကြီးတွင် အလျဉ်းသင့်သလို ခင်းကျင်းပြသသွားမည်ဖြစ်ကြောင်း။

ရွှေတိဂုံစေတီတော် ရွှေသင်္ကန်းတော် ကပ်လှူပူဇော်သော အလှူတော်လုပ်ငန်းရပ်ကြီးများနှင့် ဆက်စပ်ပြီး ရွှေတိဂုံစေတီတော်ဆိုင်ရာ ကြည်ညိုဖွယ် အဖြာဖြာတို့ကို တစုတဝေးတည်း လေ့လာမှတ်သား ကြည်ညိုသဒ္ဓါပွားကာ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာ ပြုနိုင်ကြပါစေကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် မိုးရာသီ ဓာတ်ပုံပြခန်းအား ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဂေါပကအဖွဲ့ဝင်ဦးကြီးမြင့်နှင့် မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ မန်းတက္ကသိုလ်နေမျိုးဝင်းတို့က ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရွှေတိဂုံစေတီတော် မိုးရာသီ ဓာတ်ပုံပြခန်း ဖွင့်ပွဲအခမ်းအနား ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် သာသနာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်ထံ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Rajiv Kumar Bhatia က သာသနာတော်ဆိုင်ရာ ဓာတ်ပုံများ လှူအပ်လှူဒါန်းသည်။

ဆက်လက်၍ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးက သာသနာရေးဆိုင်ရာ စာအုပ်များ ထုတ်ဝေရန်အတွက် သာသာနာရေးဝန်ကြီးဌာနသို့ အမေရိကန်ဒေါ်လာ ၂၆၇၀၀ ပေးအပ်လှူဒါန်းရာ ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်က လက်ခံသည်။

ယင်းနောက် ဖွင့်ပွဲအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဓာတ်ပုံပြခန်းအတွင်း လှည့်လည်ကြည့်ရှု ကြည်ညိုကြသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို ရွှေတိဂုံစေတီတော် မိုးရာသီ ဓာတ်ပုံပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူး၍ အများပြည်သူတို့ လွယ်လင့်တကူ တွေ့မြင်ဖူးမြော်ရန် အခွင့်မကြုံနိုင်သည့် ရွှေတိဂုံစေတီတော်ဆိုင်ရာ ကြည်ညိုဖွယ်ရာ မှတ်တမ်းဓာတ်ပုံများကို စုစည်းပြီး ရဟန်းရှင်လူများ ကြည်ညိုသဒ္ဓါပွားနိုင်စေရန် သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြကွက်ကြီးခုနစ်ခု ခွဲခြားပြီး မော်ကွန်းမှတ်တမ်း ဓာတ်ပုံပေါင်း ၃၅၀ ဖြင့် ခင်းကျင်းပြသထားသည်။

အဆိုပါ ဓာတ်ပုံပြပွဲကို ယနေ့မှ စက်တင်ဘာ ၁၇ ရက်နေ့အထိ ရွှေတိဂုံစေတီတော်ရင်ပြင်တော် ရာဟုထောင့်ရှိ ချမ်းသာကြီးတန်ဆောင်း၌ ခင်းကျင်းပြသထားမည်ဖြစ်ရာ ဘုရားဖူး ပရိသတ်များ လာရောက် ကြည့်ရှုကြည်ညိုနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ဆေးပဋ္ဌာန်းပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

မွန်ပြည်နယ် မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သုတ်စေတီတော်မြတ်ကြီး၏ ဆေးပဋ္ဌာန်းပူဇော်ပွဲကျင်းပရေးကော်မတီက ကြီးမှူး၍ နှစ်ပေါင်း ၁၀၀ကျော်မှ စတင်ကျင်းပခဲ့သော ဆေးပဋ္ဌာန်းပူဇော်ပွဲကို စက်တင်ဘာ ၂ရက် (ဝါခေါင်လကွယ်နေ့)တွင် မော်လမြိုင်မြို့ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ကျင်းပမည်ဖြစ်သည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲတွင် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ သံဃာတော် အပါး ၄၀၀၀ကျော်အား ဆေးမျိုးစုံဆက်ကပ်လှူဒါန်းကြမည်ဖြစ်သည်။

ဆေးပဋ္ဌာန်းပူဇော်ပွဲတွင် လှူဒါန်းလိုသည့် စေတနာရှင်များသည် ဆေးပဋ္ဌာန်းပူဇော်ရေး ကျင်းပရေးကော်မတီဥက္ကဋ္ဌဦးရွှေရင်၊ ဒုတိယဥက္ကဋ္ဌဦးမြင့်ဇော်၊ အတွင်းရေးမှူး ဦးမေအောင်၊ တွဲဖက်အတွင်းရေးမှူး ဦးဝင်းကြည် ဖုန်း-၀၅၇-၂၄၆၉၀ နှင့် ရန်ကုန်မြို့ ရွှေတိဂုံစေတီ အနောက်မုခ်မော်လမြိုင်အသင်း ဖုန်း-၀၁-၂၅၆၁၅၇ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၂၅၇)

ယခုအခါ မိမိတို့နိုင်ငံတွင် လယ်ယာသုံးစက်ကိရိယာများကို ထုတ်လုပ်နိုင်ပြီ တောင်သူလယ်သမားများ လူနေမှုတိုးတက်မြင့်မားရေးအတွက် အခွင့်အခါကောင်းဖြစ်



နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ပဲခူးတိုင်းနှင့် မွန်ပြည်နယ်တို့ကိုဆက်သွယ်ထားသော စစ်တောင်းတံတား၏ ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

✧ **ကျောဖုံးမှ**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် စစ်တောင်းတံတားပေါ်မှ စစ်တောင်းမြစ်၏ ရေစီးရေလာ၊ ပတ်ဝန်းကျင်အခြေအနေနှင့် တံတား၏ ကြံ့ခိုင်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူတို့အား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်လိုက်ပါလျက် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ၌ ကျင်းပသော ၂၀၀၅–၂၀၀၆ ခုနှစ် မွန်ပြည်နယ် ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ်ပွဲအခမ်းအနားသို့ ရောက်ရှိကြပြီး ရှေးဦးစွာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဒေသခံတောင်သူလယ်သမားများအား စိုက်ပျိုးရေးအသိပညာပေးပြခန်းများ၊ သဘာဝဓာတ်မြေဩဇာများ၊ ပိုးသတ်ဆေးများနှင့် လယ်ယာ(၁၆) လက်တွန်းထွန်စက်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ငါးမျိုးစိုက်ထည့်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် လက်ပြကျေးရွာမှ ဦးစောအေးပတ်၏ လယ်မြေနှစ်ဧက၌ ကျော်ဇေယျ၊ ဆင်းသွယ်လတ်နှင့် ရွှေဘို(၁)စပါးမျိုးများစိုက်ပျိုးထားရှိသော ရေတော်မိုးတော် မိုးစပါး ထွန်တုံးပိတ် ကောက်စိုက်နေမှုနှင့် မြေဩဇာကြဲပက်နေမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး စိုက်ခင်းအတွင်းသို့ ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ထွန်တုံးပိတ်

ယင်းနောက် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားကို ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာ ဦးစိန်ဝင်းနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံတောင်သူလယ်သမားများ စုစုပေါင်းအင်းအား ၆၀၀ကျော်တို့ တက်ရောက်ကြသည်။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၁၉–၈–၂၀၀၅)

ကလေးဝ	–	၁ ဒသမ ၀၃ လက်မ
စစ်တွေ	–	၁ ဒသမ ၄၅ လက်မ
ပဲခူး	–	၁ ဒသမ ၄၁ လက်မ
ရန်ကုန်(ကမ္ဘာအေး)	–	၁ ဒသမ ၅၄ လက်မ
ဘားအံ	–	၂ ဒသမ ၇၂ လက်မ
မော်လမြိုင်	–	၁ ဒသမ ၄၉ လက်မ
ထားဝယ်	–	၁ ဒသမ ၄၉ လက်မ

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပြည်နယ်မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသက်ခိုင်ဦးက မွန်ပြည်နယ် ရေတော်မိုးတော် မိုးစပါးစိုက်ပျိုးပြီးစီးမှုနှင့် ပတ်သက်၍ မွန်ပြည်နယ်အတွင်း မိုးစပါးဧက ၈ ဒသမ ၅ သိန်းပြည့်မီအောင် စိုက်ပျိုးရန် တာဝန်ပေးအပ်ချက်အရ ၂၀၀၄–၂၀၀၅ခုနှစ်တွင် ဧက ၇ဒသမ ၀၂သိန်းစိုက်ပျိုးပြီးစီးခဲ့ပြီး ယခုနှစ် ၂၀၀၅–၂၀၀၆ ခုနှစ်တွင် ကျန်ရှိသော ဧက ၈ဒသမ၅ သိန်းပြည့်မီအောင် တိုးချဲ့စိုက်ပျိုးသွားရန်ဖြစ်ပါကြောင်း၊ ရေတော်မိုးတော်စပါးစိုက်ပျိုးမှု လျာထားဧက ၆၉၈၇၂၅ဧကကို ရာခိုင်နှုန်းပြည့်စိုက်ပျိုးပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊ မိုးစပါး ၈ဒသမ ၅သိန်းပြည့်မီရန်အတွက် ကျန်ဧကများကို ရေကျနောက်စိုက်ဖြင့် စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးနိုင်မှုမှာ ယခင်နှစ်ကထက် ဧက ၀ဒသမ ၀၉၂သိန်း တိုးတက်စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ မိုးစပါးသတ်မှတ်ဧက ပြည့်မီအောင် လုပ်မြေ၊ မြေရိုင်း၊ တောရိုင်းမြေ၊သောင်တိုးမြေ၊ အခြားမြေနှင့် တစ်မိုးနှစ်သီးစိုက်မြေဧကများ တိုးတက်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများဖြစ်ကြသော မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်အောင်နှင့် သထုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးသော်ဇင်တို့က မြို့နယ်အလိုက် ထွန်တုံးပိတ်ပြီးကြောင်း ကိန်းဂဏန်းအထောက်အထားစာရင်းများကို မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်ထံ အပ်နှံကြသည်။

ထို့နောက် လယ်ယာကဏ္ဍဆိုင်ရာ ထူးချွန်ဆုများချီးမြှင့်ခြင်းအစီအစဉ်ကို ကျင်းပရာ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ထွန်တုံးပိတ် ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုကိုလည်းကောင်း၊ လယ်ယာကဏ္ဍ ထူးချွန်မြို့နယ်ဆုရ မုဒုံမြို့နယ်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဂုဏ်ပြုဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က သီးနှံစိုက်စွမ်းအားအမြင့်မားဆုံးဆုရ ကျိုက်ထိုမြို့နယ်အတွက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအား ဂုဏ်ပြုဆုကိုလည်းကောင်း၊ ဆီထွက်သီးနှံထူးချွန်တောင်သူဆုရ ကျိုက်ထိုမြို့နယ်မှ တောင်သူဦးသိန်းနိုင်အား ဂုဏ်ပြုဆုကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်က ပြည်နယ်အတွင်း မိုးစပါးစိုက်ဧက ၁၀သိန်းပြည့်မီအောင် လျာထားစိုက်ပျိုးဆောင်ရွက်နေမှု၊ နွေစပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံနှင့် ငရုတ်ကောင်း တိုးတက်စိုက်ပျိုးလျက်ရှိရာ ယခုနှစ် ၂၀၀၅–၂၀၀၆ခုနှစ်တွင် စိုက်ပျိုးမှုနှင့် သစ်ဆိမ့်နှင့် ရော်ဘာတိုးချဲ့စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကိုခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် အဘက်ဘက်မှစီမံဆောင်ရွက်လျက်ရှိကြောင်း၊ ထို့သို့ဆောင်ရွက်ရာတွင် ဖွံ့ဖြိုးတိုးတက်သည်ထက်တိုးတက်အောင် နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်ပေးလျက်ရှိရာ တိုးတက်အောင်မြင်လျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သို့ရာတွင်အချို့ဒေသများသည် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပါလျက်၊ နိုင်ငံတော် အပိုင်းကလည်း ပံ့ပိုးမှုပေးနေပါလျက် တိုးတက်သင့်သလောက် မတိုးတက်သေးသည်ကို တွေ့ရကြောင်း။

မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သော စိုက်ပျိုးရေးကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ခြင်းသည် ရေမြေသဘာဝအနေအထားအရ အမှန်ကန်ဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်၏ လူဦးရေသည် နှစ်စဉ်တိုးတက်လျက်ရှိရာ တိုးတက်လာသောလူဦးရေအတွက် အဓိကစားသုံးရန်နှင့် ပိုလျှံသည်အထိဖြစ်အောင် စိုက်ပျိုးရေးကဏ္ဍကို အလျင်အမြန်တိုးတက်လာစေရန် ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးလျက်ရှိကြောင်း။

စက်မှုလယ်ယာအဖြစ်မြှင့်တင်

စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေးတွင် မိရိုးဖလာလက်မှုလယ်ယာစနစ်ဖြင့် မလုံလောက်ကြောင်း၊ စက်မှုလယ်ယာအဖြစ်မြှင့်တင်ဆောင်ရွက်ရင်း စိုက်ပျိုးစနစ်မှန်ကန်ခြင်း၊ မျိုးကောင်းမျိုးသန့်သုံးစွဲခြင်း၊ မြေဩဇာစနစ်တကျသုံးစွဲခြင်းနှင့် စိုက်ပျိုးမြေများ ရေတော်မိုးတော်ဖြစ်ခြင်း စသည့် နည်းလမ်းများကိုလည်း အသုံးချရန်လိုကြောင်း၊ သို့မှသာစိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး တောင်သူလယ်သမားများလည်း လူနေမှုအဆင့်အတန်းတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း။

ထို့ကြောင့်မွန်ပြည်နယ်အနေဖြင့် စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားလာစေရန် သဘာဝအခြေခံကောင်းများရှိပြီးဖြစ်သဖြင့် ဆိုခဲ့ပြီးဖြစ်သောနည်းလမ်းများကို အသုံးချလုပ်ကိုင်ကြရမည့်အပြင် စက်မှုလယ်ယာဖြစ်အောင်ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာဖြစ်ရေးတွင် တစ်ဦးချင်းမစွမ်းနိုင်ပါက ဝိုင်းဝန်းသောစနစ်ဖြင့် စုပေါင်းစက်မှုလယ်ယာဖြစ်အောင်ဆောင်ရွက်နိုင်မည်ဖြစ်ရာ အားလုံးကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း။

ဝိုင်းဝန်းကူညီ

ယခုအခါမိမိတို့နိုင်ငံတွင် လယ်ယာသုံးစက်ကိရိယာများကို ကိုယ်ပိုင်ထုတ်လုပ်နိုင်ပြီဖြစ်ရာ တောင်သူလယ်သမားများအဖို့ မိမိတို့လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် အခွင့်အခါကောင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အစိုးရ၏ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် အဘက်ဘက်က ကူညီပံ့ပိုးနေမှုနှင့်အတူ တောင်သူလယ်သမားများကလည်း မိမိတို့နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ မိမိတို့၏ လူနေမှုဘဝ မြင့်မားတိုးတက်ရေးတို့အတွက် မိမိတို့၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် စိုက်ပျိုးရေးပညာရှင်များ၏ အသိပညာပေးကူညီပံ့ပိုးမှုကို အပြည့်အဝရယူအသုံးချ၍ လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ် အဆင့်မြှင့်တင်ရင်း အချင်းချင်းဝိုင်းဝန်းကူညီလက်တွဲကြကာ ကြိုးစားအားထုတ်ဆောင်ရွက်သွားကြပါဟု တိုက်တွန်းပါကြောင်းဖြင့်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံတောင်သူလယ်သမားများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ရော်ဘာစိုက်ပျိုးရေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ် ရန်ကုန်–မော်လမြိုင်လမ်း လှည်းလမ်းကူးကျေးရွာအနီးရှိ ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီလီမိတက်က တာဝန်ယူဆောင်ရွက်နေသော ရော်ဘာစိုက်ပျိုးရေးစီမံကိန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းရှင်းလင်းဆောင်၌ ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီ လီမိတက်မန်နေဂျာ ဦးမောင်အေးက ကုမ္ပဏီအနေဖြင့် မွန်ပြည်နယ်အတွင်း လှည်းလမ်းကူးကျေးရွာ၌ ၂၈၂ ဧက၊ ကမ်းနီကျေးရွာ၌ ၃၃၅ ဧကနှင့် ပျဉ်းကတိုးကုန်းကျေးရွာ၌ ၁၁၄၆ဧက စုစုပေါင်း ၁၇၆၃ ဧကကို ရော်ဘာစိုက်ပျိုးရန် နိုင်ငံတော်ထံမှ ခွင့်ပြုချက်ရယူထားမှုအခြေအနေ၊ မြေရှင်းလင်းပြီးစီးမှုအပါအဝင် ၂၀၀၅–၂၀၀၆ခုနှစ်စိုက်ပျိုးရာသီအထိ ရော်ဘာ၅၂၇ဧက စိုက်ပျိုးပြီးစီးမှု၊ BPM-24 နှင့် RIR-600 အမျိုးအစား ရော်ဘာပျိုးပင်ပေါင်း

၁၁၈၁၃၂ကို ၂၀၀၅–၂၀၀၆ခုနှစ် ရော်ဘာစိုက်ပျိုးရာသီတွင် စိုက်ပျိုးသွားရန် စီစဉ်ထားရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေသံလွင်စိုက်ပျိုးရေးကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးကျော်ဝင်းက ရော်ဘာစိုက်ပျိုးရန် မြေဧက ထပ်မံရရှိရေးအဆိုပြုတင်ပြသည်။

ဖြည့်ဆည်းပေး

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ရော်ဘာကို အထွက်နှုန်းကောင်းမွန်အောင် သုတေသနပြုဆောင်ရွက်ရေး၊ ရော်ဘာထပ်မံတိုးချဲ့စိုက်ပျိုးရန် မုတ္တမ–ရွှေကျင်လမ်းဘေးဝဲ/ယာရှိ မြေလွတ်မြေလပ်များတွင် တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးသွားရေးတို့ကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များသည် ရှင်းလင်းဆောင်ရွေ့ရှိ စိုက်ပျိုးရေးခြံ၌ ရော်ဘာပင်များကို စိုက်ပျိုးပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် လှည်းလမ်းကူးကျေးရွာရှိ ရွှေသံလွင် စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ BPM-24 အမျိုးအစားတစ်နှစ်သား ရော်ဘာပင် ၃၂၀၀ ငါးဧကစိုက်ခင်းနှင့် လေးဧကရှိ BPM-24 အမျိုးအစား ရော်ဘာလက်ခံပျိုးပင်၁၂၀၀၀၀တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် ဇင်းကျိုက်ကျေးရွာရှိ ကျေးလက်ကျန်းမာရေးဌာနသို့ရောက်ရှိကြပြီး အထွေထွေ ရောဂါကုဆောင်၊ မီးဖွားဆောင်၊ ရေချိုးခန်းနှင့် သန့်စင်ခန်း၊ ဆေးသိုလှောင်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဧည့်ခန်းမ၌ မွန်ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က ဇင်းကျိုက်ကျန်းမာရေးဌာနအဆောက်အအုံကို ၁၉၅၇ ခုနှစ်တွင် နိုင်ငံတော်အစိုးရကဖွံ့ဖြိုးရေး ရန်ပုံငွေကျပ် ၁၅၀၀၀နှင့် ပြည်သူ့လူထုထည့်ဝင်ငွေကျပ် ၁၅၀၀စုစုပေါင်းငွေကျပ် ၁၆၅၀၀ ဖြင့် စတင်တည်ဆောက်ခဲ့မှု၊ ယခုအခါ ပြည်သူလူထုထည့်ဝင်ငွေကျပ်၃၅သိန်းဖြင့် အဆောက်အအုံ မွမ်းမံခြင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင်ခွဲစိတ်ခန်း၊ သားဖွားခန်း၊ သန့်စင်ခန်းနှင့် ရေချိုးခန်းများကိုပါထပ်မံတိုးချဲ့တည်ဆောက်ခဲ့မှု၊ လိုအပ်သည်များကို ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ကျန်းမာရေးဦးစီးဌာနက ဇင်းကျိုက်ကျေးရွာကြက်ခြေနီတပ်ဖွဲ့အတွက် ပေးအပ်သောလုပ်ငန်းသုံးပစ္စည်းများကို ပြည်နယ်ကျန်းမာရေးဦးစီးမှူးကကျေးရွာကြက်ခြေနီတပ်ဖွဲ့မှ တာဝန်ရှိသူထံပေးအပ်သည်။

ပေးအပ်လှူဒါန်း

ထို့နောက် ကျေးလက်ကျန်းမာရေးဌာနအဆောက်အအုံပြုပြင်မွမ်းမံရန် ငွေကျပ်၂၇သိန်းကို ကျေးလက်ပြည်သူများကိုယ်စား ဇင်းကျိုက်ကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမြင့်ကလည်းကောင်း၊ရေချိုးခန်းနှင့်သန့်စင်ခန်းအတွက် လှူဒါန်းငွေကျပ် ရှစ်သိန်းကို အလှူရှင် ဦးအောင်မွန်–ဒေါ်အေးအေးမွန်မိသားစုတို့ကလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနတွင် အသုံးပြုရန်ရေခဲသေတ္တာအတွက် လှူဒါန်းငွေကျပ်တစ်သိန်းကို အလှူရှင် ဦးအေးသိန်းကိုယ်စား ဦးတင်ထွဋ်ကလည်းကောင်း ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်ထံ ပေးအပ်လှူဒါန်းကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်လက်ပြကျေးရွာ၌ ကျင်းပသော ၂၀၀၅–၂၀၀၆ခုနှစ် မွန်ပြည်နယ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲအခမ်းအနားတွင် ထွန်တုံးပိတ် ကောက်စိုက်လုံမေများအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဇင်းကျိုက်ကျေးရွာသည် လူဦးရေ ၆၀၀၀၀ ခန့်ရှိသော ကျေးရွာကြီးတစ်ရွာဖြစ်သည်နှင့်အညီ ကျေးလက်ကျန်းမာရေးဌာနကို ယခုကဲ့သို့ ပြည့်ပြည့်စုံစုံထားရှိနိုင်သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် နာငါးနာဖြင့် ပြည်သူတို့အား ကျန်းမာရေးစောင့်ရှောက်ကုသပေးကြရန်နှင့် ဝန်ထမ်းများအပါအဝင်ပြည်သူများကလည်း ဤအဆောက်အအုံကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းစောင့်ရှောက်ကြရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ ဆေးခန်းကော်မတီဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် နတ်ကြီးချောင်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲသို့ ရောက်ရှိကြပြီး အဆိုပါကျောင်းများကို ကြည့်ရှုစစ်ဆေးကြရာ မြို့နယ်ပညာရေးမှူးဦးအောင်ချစ်နှင့် ကျောင်းအုပ်ဆရာမကြီးဒေါ်မြင့်စန်းတို့က ဆောက်လုပ်ဆဲ အလျားပေ၁၄၀နှင့် အနံပေ၃၀ရှိနှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ နတ်ကြီးချောင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ယခု၂၀၀၅–၂၀၀၆ခုပညာသင်နှစ်တွင် ကျောင်းအုပ်ဆရာမကြီးအပါအဝင် ပညာရေးဝန်ထမ်းပေါင်း၃၆ဦးရှိပြီး ကျောင်းသား၊ ကျောင်းသူပေါင်းမှာ ၈၇၇ဦးရှိသည်။ တက္ကသိုလ်ဝင်တန်းအောင်မြင်မှုမှာ ၂၀၀၄–၂၀၀၅ခု ပညာသင်နှစ်တွင် အောင်ချက်ရာခိုင်နှုန်း ၃၈ဒသမ၆ရှိသည်။ ယခုတည်ဆောက်နေသော ကျောင်းဆောင်သစ်ကို နိုင်ငံတော်အစိုးရက ငွေကျပ် ၁၄၅သိန်းနှင့် ဒေသပြည်သူ ထည့်ဝင်လှူဒါန်းငွေကျပ်သိန်း၃၀တို့ဖြင့် ဆောက်လုပ်လျက်ရှိရာ ယခုအခါ ၆၀ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

ထို့နောက်ဒုတိယ ဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည်မော်တော် ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေပိုင်းတွင် မော်လမြိုင်မြို့သို့ ရောက်ရှိ၍ ညအိပ်ရပ်နားကြသည်။ (သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ပါလီမန် အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

ဂျပန်နိုင်ငံ ပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် မစ္စတာကေအီရှိရိုဖူကူရှီမားသည် ဩဂုတ် ၁၈ရက် နံနက် ၁၁နာရီမိနစ် ၅၀တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

ဂျပန်နိုင်ငံ ပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် မစ္စတာကေအီရှိရိုဖူကူရှီမားသည် ယနေ့နံနက် ၈နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လာရောက်တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ယင်းသို့ တွေ့ဆုံရာတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ သံတမန်ရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းနှင့် အရှေ့အာရှနှင့်ပစိဖိတ်ဌာန ညွှန်ကြားရေးမှူး ဒေါ်သန်းသန်းဌေး တို့ တက်ရောက်ကြပြီး ဧည့်သည်တော် ဂျပန်နိုင်ငံပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် မစ္စတာကေအီရှိရိုဖူကူရှီမားနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး မစ္စတာ နိုဘူတာကဲ့ အိုဒါနိတို့လည်း တက်ရောက်ကြသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ **အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇:၁၅	၂။ **တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဉပ္ပါတသန္တိ ပါဠိတော်**
၇:၂၅	၃။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။ နံနက်ခင်းသတင်း
၇:၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅	၆။ အကပြိုင်ပွဲ
၈:၀၅	၇။ တေးဂီတအစီအစဉ်
၈:၂၀	၈။ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးတံတား
၈:၃၀	၉။ International News.
၈:၄၅	၁၀။ Grammar Made Easy.
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၅	၂။ တေးဂီတအစီအစဉ်
၁၁:၃၀	၃။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၁:၅၅	၄။ တစ်ပတ်အတွင်းရုပ်မြင်သံကြားပြည်တွင်းသတင်းစဉ်
၁၂:၅၅	၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စောရဝိဇ္ဇာနှင့်မိစ္ဆာခွင်းဓား" (အပိုင်း–၃၀)**
၁:၃၅	၆။ ကြားမြင်သုတပြည့်ဝစေရာစာပဒေသာ
၁:၅၀	၇။ **"အန္တရာယ်ဆိုတာလက်တစ်ကမ်းမှာ" (စိုးသူ၊ နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစျာန်သစ်၊ ယင်းမာ) (ဒါရိုက်တာ–စောစန္ဒာလှိုင်)**
၂:၀၀	၈။ အဆိုပြိုင်ပွဲ
၂:၁၀	၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၂:၂၀	၁၀။ အတီးပြိုင်ပွဲ
၂:၃၀	၁၁။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(ရေကူး)
၂:၄၅	၁၂။ International News.
၃:၀၀	၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅	၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀	၃။ English for Everyday Use.
၄:၄၅	၄။ တေးဂီတအစီအစဉ်
၄:၅၅	၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) (ဓာတုဗေဒ)
၅:၁၀	၆။ နားဝင်ပီယံသူ့လက်သံ
၅:၂၀	၇။ ၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ဓမ္မပူဇာတေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသမီး)
၅:၂၅	၈။ မြန်မာစာ၊ မြန်မာစကား
၅:၃၅	၉။ တေးဂီတအစီအစဉ်
၅:၄၅	၁၀။ **"ဆေးလိပ်ကင်းကွာအနုပညာကမ္ဘာ" (လွင်မိုး၊ မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္စလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)**
၅:၅၅	၁၁။ ချစ်စရာ့အရွယ်ကစားကြမယ်
၆:၂၀	၁၂။ တေးဂီတအစီအစဉ်
၆:၃၀	၁၃။ ညနေခင်းသတင်း
၇:၀၀	၁၄။ မိုးလေဝသအခြေအနေ
၇:၀၅	၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ခွန်းခြွေသီ တစ်ရာ့တစ်လီ" (အပိုင်း–၄၉)**
၇:၃၅	၁၆။ (၂၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲဝင်မည့် မြန်မာအားကစားအဖွဲ့များ၏ ကြိုတင်ပြင်ဆင်မှုများ(စက်ဘီး)
၇:၄၅	၁၇။ ဒေသဝမ်းစာဖူလုံဖို့ ဆင်းရွှေလီစပါးစိုက်ကြစို့(အပိုင်း–၇)
၇:၅၅	၁၈။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၈:၀၀	၁၉။ ပြည်တွင်းသတင်း
	၂၀။ နိုင်ငံတကာသတင်းများ
	၂၁။ မိုးလေဝသအခြေအနေ
	၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်သံသရာ" (အပိုင်း–၆၈) (ဇာတ်သိမ်းပိုင်း)**
	၂၃။ နောက်တစ်နေ့အစီအစဉ်
	၂၄။ အစီအစဉ်ပြီး၏။

ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ရေကြောင်း အစုန်လမ်း၊ အဆန်လမ်း ပြောင်းလဲသတ်မှတ်ထားကြောင်း ကြေညာ

ရန်ကုန် ဩဂုတ် ၁၉

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား (ညောင်တုန်း) ရေကြောင်းတွင် ရေယာဉ်များခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့်(၁၂)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့်(၁၃) အကြားမှလည်းကောင်း ဖွင့်လှစ်ပေးထားခဲ့သည်။ ယခုအခါ ရေလမ်းကြောင်းပြောင်းလဲမှု အခြေအနေ အရ ဩဂုတ် ၂၂ ရက်မှစ၍ အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၀)နှင့် (၁၁)အကြားမှ လည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၁)နှင့် (၁၂)အကြားမှ လည်းကောင်း ပြောင်းလဲသတ်မှတ်ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀ မီတာရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်း ထွန်းပြသထားမည်။ ဝင်ပေါက် ရေလယ်တိုင်များတွင် မြားအမှတ်အသား ပြသထားမည်။ မဝင်ရမည့် ရေလမ်းတွင် အနီရောင် ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။ တံတားအောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် အုတ်ခုံအစွန်းများနှင့် မတိုက်မိစေရန် အုတ်ခုံအစွန်းများကို တံတားပေါင်ပေါ်မှနေ၍ အနီရောင်မြားပြသထားမည်ဖြစ်သည်။

ဗိုလ်မြတ်ထွန်းတံတားရေကြောင်းမှ ရေယာဉ်များ ဖြတ်သန်းခုတ်မောင်းကြရာတွင် ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းကြရန်နှင့် တွဲရေယာဉ်များ နှစ်စီးတွဲ မောင်းနှင်ခြင်းမပြုဘဲ တစ်စီးချင်း၊ တစ်တွဲချင်း မောင်းနှင်ကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)

ဥပဒေနှင့်အညီ သင်္ဘောကုမ္ပဏီများ လိုက်နာဆောင်ရွက် အရည်အသွေးပြည့်မီသည့်သင်္ဘောသားများကိုရွေးချယ်

ရန်ကုန် ဩဂုတ် ၁၉

ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရှိ ပင်လယ်ကူးသင်္ဘောလိုင်း ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးသည့် အခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်းနှင့် သိမ်ဖြူလမ်းထောင့်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ပို့ဆောင်ရေးဝန်ကြီးဌာနအတွင်းရှိ ဌာနများမှ ဌာနအကြီးအကဲများ၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ အရာထမ်းများ၊ မြန်မာနိုင်ငံရှိ ပင်လယ်ကူး သင်္ဘောလိုင်း ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်အကိုင်တိုးချဲ့ရှာဖွေ

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း များနှင့်အညီ သင်္ဘောလိုင်း ကုမ္ပဏီများက လိုက်နာဆောင်ရွက်ကြစေလိုကြောင်း၊ မိမိတို့ ကုမ္ပဏီဝင်ငွေ ရရှိရေးကိုသာ မကြည့်ဘဲ အရည်အသွေးပြည့်မီသည့် သင်္ဘောသားများကိုသာ ရွေးချယ်ပြီး အလုပ်အကိုင် တိုးချဲ့ရှာဖွေပေးရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် ရသင့်သော နိုင်ငံခြားဝင်ငွေ အလေအလွင့်မရှိစေရန် အထူး ကြပ်မတ်ဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် အကျယ်တဝင့် မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံရှိ ပင်လယ်ကူးသင်္ဘောလိုင်း ကိုယ်စားလှယ်များကိုယ်စား ကိုယ်စားလှယ်သုံးဦးက လုပ်ငန်းအခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက်ဆွေးနွေးတင်ပြပြီး ဝန်ကြီးကနိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၀–၈–၂၀၀၅ (စနေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ **မိုးကုတ်ဆရာတော်ကြီး၏ တရားတော် –ဝိပဿနာကျင့်စဉ် တရားတော်**
၉:၁၀	၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း
၄:၁၀	၃။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀	၄။ မြန်မာသံစဉ်ချိုနှားဝင်
၄:၄၅	၅။ မျိုးချစ်တပ်မတော်
၅:၀၀	၆။ **အဝေးသင်ပညာရေးပို့ချမှုအစီအစဉ် –Conflict of Law. (စတုတ္ထနှစ်–ဥပဒေပညာ)**
၅:၃၀	၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၀	၈။ ပျော်ရွှင်စရာသရုပ်ဆောင်ကမ္ဘာ
၅:၅၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၁။ နိုင်ငံတကာသတင်း
၆:၂၀	၁၂။ မိုးလေဝသသတင်း
၆:၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀	၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်အဓိပ္ပာယ်လေးတော့ အမျိုးမျိုးဖွင့်ကြပါလိမ့်မယ်" (အပိုင်း–၉)**
၈:၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။ **"English Premier" League ဘောလုံးပွဲ –Birmingham Vs Manchester City(live)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

အသက်ရှည်စွာ အနာမဲ့ရေး(၁၁)

ဒေါက်တာလွင်ကို

"ဆရာနဲ့ စကားမဆုံဖြစ်ကြပေမယ့် ဆရာ့ရဲ့ **"အသက်ရှည်စွာ အနာမဲ့ရေး"** ဆောင်းပါးအမှတ်(၁၀)ကို ဖတ်လိုက်ရပါတယ်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရဟာ အသက်ရှည်ရာ ရှည်ကြောင်း ဖြစ်တဲ့နေရာမှာ **ကံ**အကြောင်း ဆရာတော်ကြီး မိန့်ကြားသွားတာ မကျယ်မကျဉ်းနဲ့ ရှင်းလင်းလှပါတယ်။ **စိတ်** အကြောင်း ဆက်ပြီးရှင်းပါဦးလို့ ဆရာ့ကို တောင်းပန်မလို့ပါ"။

"ဆရာတော်ကြီးများလိုတော့ မရှင်းတတ်ပါဘူး ဦးလေးချောရယ်။ စိတ်တစ်ခု ယုတ်ကိုးဆယ်(၉၀-၁=၈၉)မှာ ကာမာဝစရစိတ် ၅၄ ပါး၊ ရူပါဝစရစိတ် ၁၅ ပါး၊ အရူပါဝစရစိတ် ၁၂ ပါးနဲ့ လောကုတ္တရာစိတ် ရှစ်ပါးဆိုတဲ့ အပြစ်ရှာလို့မရအောင် ကုသိုလ်စိတ်လည်းမဟုတ်၊ အကုသိုလ် စိတ်လည်း မဟုတ်ဆိုတာမျိုး နိဒါန်းသဘောလောက်ပဲ မှတ်သားဖူးတာပါ။ အဲဒါကတော့ ဦးလေးချောတို့ကပဲ ပြန်ရှင်းပြပါခင်ဗျာ"

"ဆရာရဲ့ ဆရာဝန်အတွေ့အကြုံပေါ့ဆရာရယ်။ ဒေသနာနယ နဲ့ အဘိဓမ္မာအထိ မဆိုလိုပါဘူး"

"ဒီလိုဆို ဆရာဝန်ဘဝ ဖြတ်သန်းလာရမှုအပေါ်မှာ မူတည်ပြီး **စိတ်**ဟာ အသက်ရှည်ဖို့၊ အနာမဲ့ဖို့ အရေးကြီးကြောင်း ကြုံတွေ့ခဲ့ရတာ လေးတွေတော့ ဆွေးနွေးပါ့မယ်။

"၁၉၆၈-၁၉၆၉ ခုနှစ်ကပေါ့ခင်ဗျာ။ နောက်ဆုံးနှစ် ဆေးကျောင်းသား ဘဝ၊ သူငယ်ချင်းတစ်ယောက် တဖြည်းဖြည်းပိန်သွားပြီး လည်ပင်းမှာ အကျိတ်ကလေးများ ပေါ်တဲ့အတွက် တီဘီရောဂါထင်လို့ ဆေးစားရပါ တယ်။ ဆေးကပြင်းတော့ ဒဏ်မခံနိုင်၊ တိုးတက်မှုမပြ၊ ဆေးကျောင်းသား၊ ဆေးကျောင်းသူများမို့ စာဖတ်ရင်း ထင်ကြေးအမျိုးမျိုးပေးတာပေါ့။ လည်ပင်းအကျိတ် (Biopsy) အသားစယူပြီး စစ်ဆေးကြည့်တော့ Hodgekin's disease ခေါ်ကင်ဆာတစ်မျိုး ဖြစ်နိုင်သည်ဆိုတဲ့ အဖြေထွက်လာပါတယ်။ ဒီအကြောင်းကို သူစိတ်ဆင်းရဲမှာစိုးလို့ ပြောမပြခဲ့ပါဘူး။ အခုလို မပြောပြခြင်းကပင် သူ့အတွက် တွေးတောစရာနဲ့ စိတ်သောကရောက်စရာ ဖြစ်ပြီး မစားနိုင် မသောက်နိုင်နဲ့ ကိုယ်အလေးချိန် ကျသွားလိုက်တာ ၅၃ ပေါင်သာ ကျန်ပါတော့တယ်။ မျက်ကွင်းက ဟောက်ပက်၊ အရိုးငေါ်ငေါ်နဲ့ အသက် မျှင်းမျှင်းရှူပြီး သေမယ့်ရက်စောင့် နေရသလိုပါပဲ။ ပါမောက္ခဌာနမှူး ဆရာကြီးက အသားစပြန်စစ်ကြည့်ဖို့ စီစဉ်ပါတယ်။ ပုံမှန် အဖြေထွက်ရမည့် အချိန်မတိုင်မီ အဖြေထွက်ပေးလိုက် ပါတယ်။ တီဘီကျိတ်တဲ့ (Central caseation necrosis surrounded by few plasma cells, lymphocytes and fibroblasts consistant with tuberculosis lesion) ဆိုတဲ့ အဖြေကို ကျွန်တော်တို့လည်း ဖတ်ရ၊ သူငယ်ချင်းလူနာလည်း ဖတ်ရတော့ ပျော်လိုက်ကြသည့် ဖြစ်ခြင်းပါ။ နောက်ပိုင်းမှာအိမ်ထောင်ကျပြီး သားတွေသမီးတွေ သိုက်သိုက် ဝန်းဝန်းနဲ့၊ သူ့ရဲ့ ကိုယ်အလေးချိန်ကပေါင် ၁၅၀ တဲ့။ ဆေးကျောင်းသား ဆိုတော့ မိုရာဗဟုသုတကလေးနဲ့ ကြောက်စရာကိုရမ်းကြောက်၊ မကြောက် ရမှန်းသိတော့လည်း အဆင်ပြေသွားတာပါပဲ။ စိတ်လေ ဦးလေးတို့ရဲ့။

"လွန်ခဲ့တဲ့ ရှစ်လခန့်က အတွေ့အကြုံလေး ပြောပြရဦးမယ်။ တာဝန်ကျသူနာပြုက မနေ့က ခွဲစိတ်ပါရဂူကြည့်သွားတဲ့ လူနာအခြေအနေ လာကြည့်ပေးပါဦး လို့သတင်းပို့တာနဲ့ လူနာဆီ ချက်ချင်းလိုက်သွားရင်း ဘယ်လိုဖြစ်တာလဲကွဲ့၊ မနေ့က အကောင်းကြီးပဲလို့ မေးကြည့်လိုက် မိတယ်"။

"နံနက်ပိုင်းက မျက်နှာသစ်၊ လက်ဖက်ရည်သောက်ပြီး တခြား လူနာများနဲ့ စကားတောင် ပြောနေပါသေးတယ်။ မနက်ဖြန် ခွဲစိတ်ခန်းဝင်ပြီး (Biopsy) ယူမယ့် အကြောင်းတွေတောင် ပါသေးတယ်တဲ့။ အခု မနက် ၁၀ နာရီခွဲလောက်မှာ အိပ်ရာပေါ်လှဲရင်း ချွေးစေးတွေထွက်၊ ခြေဖျား လက်ဖျားအေးပြီး သွေးပေါင်ချိန်ကျသွားတာပါလို့ ဖြေပါတယ်။

"အဲဒီ လူနာက သွားသွားလာလာ ရှိနေတာပါ၊ ရင်ဘတ်ဓာတ်မှန် ရိုက်ကြည့်တော့ ကင်ဆာလို့ သံသယဖြစ်နိုင်တဲ့ ပုံရိပ်အနည်းငယ်နဲ့မို့ လည်ပင်းကအကျိတ်ဟာ ရင်ဘတ်က ကူးတာလား၊ ဒါမှမဟုတ် တီဘီ အကျိတ်သတ်သတ်ပဲလား သိချင်လို့ ခွဲစိတ်ပါရဂူကို ခေါ်ပြခဲ့တာပါ၊ ပါရဂူ ကလာစမ်းသပ်ပြီး(Biopsy) အသားစ ယူကြည့်ပေးမယ်ဆိုတော့ သူ့ရဲ့ အနည်းငယ်သော ကျန်းမာရေးဗဟုသုတနဲ့ ငါတော့ ကင်ဆာဖြစ်နေပြီ လို့အတွေးလွန်ပြီးကြောက်သွားလိုက်တာ Solucortef 500 mgစ ထိုးပြီး Adrenaline dripစတဲ့ သွေးချိန်တက်စေတဲ့ ဆေးတွေ အမျိုးမျိုးနဲ့ ကုပေမယ့်လည်း သတိပြန်လည်မလာတော့ပါဘူး။ ဒါလဲ စိတ်ပါပဲခင်ဗျာ။

"အဲဒီအဖြစ်အပျက်မတိုင်မီ ခြောက်လခန့်က အဆုတ်ကင်ဆာ ဝေဒနာရှင် တစ်ယောက်၊ ဓာတ်မှန်ပေါ်မှာလည်း ထင်ရှားတဲ့ အကျိတ် ပုံရိပ်ကြီး ငါးလက်မပတ်လည် လောက်ရှိတယ်။ ညာဘက်ညှပ်ရိုးအပေါ် ခွက်ထဲမှာလည်း အကျိတ်ကြီးရှိတယ်။ အဲဒီအကျိတ်ကြီးက ပြန့်ကားလာပြီး အပေါ်ပိုင်း သွေးပြန်ကြောမကြီးကို ဖိထားတော့ ညာလက်ကြီးရောင်၊ ညာမျက်နှာ တစ်ခြမ်းရောင်၊ ညာဘက်မျက်ခွံဖောင်းလာပြီး မျက်လုံးဖွင့်မရနဲ့ တဖြည်းဖြည်း ဘယ်ဘက်မျက်နှာပါ ရောင်လာပါတယ်။ အလွန်သနားစရာ အသွင်ကို ဆောင်တဲ့ အဆုတ်ကင်ဆာရဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေပေါ့။ စားလည်းမစားနိုင်တော့ဘူး၊ နှာခေါင်းပိုက်နဲ့ အစာထည့်ပေးရပါတယ်။ ကျွန်တော်ကလည်း ဆေးထိုးပေးတိုင်းမှာ ဘုရားစာတိုင်ပေးပြီး သူ့ကို လိုက်ဆိုခိုင်းပါတယ်။မင်းရောဂါပျောက်သွားမှာပါ၊ ဒါဘုရားဆေးပဲ၊ မင်းဝင့် ရှိခဲ့တဲ့ တစ်ခဏခံရတာပါလို့ အားပေးထားလိုက်တာ၊ အဲဒီအခြေအနေ ဆိုးကြီးနဲ့တောင် နောက်ငါးလနေသွားနိုင်ခဲ့ပါသေးတယ်။ စစ္စတာက အားပေးကောင်းလို့ စိတ်ဆောင်နေတာလို့ ပြောပါတယ်။

"ဦးလေးတို့လည်း ဖတ်ဖူး သိဖူးပြီးသားပါ။ စိတ်နဲ့ရုပ်ဟာ အညမည သဘောတရားအရစိတ်က ဦးဆောင်သည်လည်း ရှိ၏။ ရုပ်ကဦးဆောင်သည် လည်း ရှိ၏ ဆိုပေမယ့် စိတ်ကဦးဆောင်တာများပါတယ်။ အထူးသဖြင့်တော့ အရွယ်ရောက်ပြီး သူများနဲ့ အရွယ်မလွန်ခင် သူများမှာပေါ့၊ ရောဂါတွေထဲမှာ လည်း စိတ်ကြောင့် ဖြစ်တာတွေများပါတယ်။ သွေးတိုး၊ နှလုံး၊ အစာအိမ် အနာ၊ ပန်းနာရင်ကျပ်ဆိုတဲ့ ရောဂါတွေဟာ စိတ်ကြောင့်ပိုဆိုး သွားနိုင် ပါတယ်။ ရုတ်တရက် နှလုံးသွေးကြော ပိတ်တာ၊ ဦးနှောက်သွေးကြော ပြတ်တာ၊ ပေါက်တာတွေဟာ စိတ်ကြောင့်ဖြစ်တဲ့ ရောဂါတွေပေါ့၊ စိတ်ကိုငြိမ်ငြိမ်ထား၊ ယောနိသောမနသီကာရ နှလုံးသွင်းနိုင်ရင် ဒီရောဂါတွေ အစကတည်းက မဖြစ်နိုင်တဲ့အပြင် ဖြစ်ပြီးရင်လည်း ပြန်သက်သာ သွားနိုင်ပါတယ်။ ခန္ဓာကိုယ်ရဲ့ ဖြစ်စဉ်အားလုံးကို စိတ်အင်အားနဲ့ ထိန်းချုပ်နိုင်စွမ်းတဲ့ မှတ်တမ်းတွေထဲမှာ နှလုံးခုန်ရပ်အောင်တောင် နေပြနိုင်ပါတယ်ခင်ဗျာ။ ရောဂါများနဲ့ပတ်သက်ပြီး စဉ်းစားရင် ဘက်တီးရီးယား ဝင်ပြီးဖြစ်တဲ့ ရောဂါကလွဲလို့ စိတ်ကြောင့် ကောင်းကျိုး၊ ဆိုးကျိုးဖြစ်စေနိုင်တာချည်းပါပဲ။ ဒါကြောင့် စိတ်ကို ကောင်းစွာနှလုံးသွင်းပြီး အကောင်းမြင်ဝါဒနဲ့နေရင် အသက်ရှည်ကြမှာပါ"။

"ဒါကြောင့်မို့ ကျွန်တော် အကြံပြုချင်တာကတော့-

(၁) **ဒုက္ခကိုပုံကြီးမချဲ့ပါနဲ့။** ကိုယ်ဖိနပ်ပြတ်တာတို့၊ ကားဆီပိတ်တာ တို့လောက်ကို စိတ်အပျက်ကြီး ပျက်နေပြီး ဒုက္ခကြီးလို့ထင်နေရင် ကားမှောက်၊ မြေပြို၊ ရေကြီးစတဲ့အထဲမှာ ခံစားရတဲ့ လူတွေနဲ့ ယှဉ်ကြည့်ပါ၊ စာနာလိုက်ပါ၊ စိတ်ပေါ့သွားပါလိမ့်မယ်။

(၂) **မိမိအလုပ်ကိုခင်တွယ်ပါ၊ ဂုဏ်နိမ့်တယ်မထင်ပါနဲ့၊ မသိမ်ငယ်ပါနဲ့။** ဖြူစင်ရိုးသားစွာ လုပ်ကိုင်နေတဲ့ ဖိနပ်ချုပ်သမားတို့၊ ကွမ်းယာသည်မလေး တို့ဟာ မတော်လောဘနဲ့ မသန့်စင်တဲ့၊ မမှန်မကန်တရားမဲ့ အလုပ်မျိုးလုပ်ပြီး ချမ်းသာတဲ့လူထက် သံသရာမှာ ကောင်းမှာပါ။ အခုလည်း စိတ်ချမ်းသာ မှာပါ။

(၃) **ကိုယ့်ကိုယ်ကို ဆန်းစစ်မှု မလွန်ပါစေနဲ့။** မိမိလုပ်သမျှအရာရာကို မှန်သလား၊ မှားသလား အမြဲတမ်းအလွန်အကျွံ ဆန်းစစ်နေရင် အလုပ် မဖြစ်တော့တဲ့အပြင် ရူးတောင်သွားနိုင်ပါတယ်။

(၄) **သူတစ်ပါးကိုလည်း အထိုက်အလျောက် နားလည်ပေးလိုက်ပါ။** ငါ့ကားကို (Pass) မပေးသေးဘဲနဲ့ ဘာလို့ကျော်တက်ရတာလဲ။ မီးပွိုင့်မှာ ကိုယ်က တည့်တည့်သွားမှာ၊ သူကကွေ့မှာ၊ ငါအရင်သွားပြီးမှ သူက သွားရမှာ၊ အခုတော့ ဇွတ်ချိုးကွေ့တာပဲ၊ ဒီလူကားကို ဘယ်လိုမောင်းနေတာလဲလို့ စိတ်တိုပြီး ဒေါသ ဖြစ်တတ်ပါတယ်။ သူသိပ်အရေးကြီးလို့နေမှာပဲ၊ အန္တရာယ် တောင် မမြင်နိုင်ရှာပါလားလို့ နားလည်ပေးလိုက်ရင် ကိုယ်ရော စိတ်ပါသက်သာပါတယ်။

(၅) **အချိန်ယူပြီးကုစားရမည့် ပြဿနာများရှိသည်ကို နားလည်ပါ။** အဲ့ဒီအခါမှာ ဆန္ဒစောတာတို့၊ စိတ်လှုပ်ရှားတာတို့မရှိတော့တဲ့ အတွက် အမှားနည်းတဲ့အပြင် ရောဂါလည်း ကင်းစင်စေပါတယ်။

(၆) **အပန်းဖြေစရာဝါသနာတစ်ခု သို့မဟုတ် စကားပြောဖော် တစ်ယောက်ရှိရင် စိတ်သက်သာရာရပြီး ရောဂါကင်းစင်ပါလိမ့်မယ်။** စကားပြောဖော်ဆိုတာက သိမ်ဖျင်းသောစကား၊ ကြမ်းတမ်းသော စကား မဟုတ်ဘဲ ကိုယ့်ပြဿနာ၊ သူ့ပြဿနာ ဖြေသိမ့်နားထောင်ဖြေရှင်းတတ်တဲ့ အဖော်ကောင်းကို ပြောတာ ပါ။ ပျော်ရွှင်ဖွယ်၊ ရယ်ရွှင်ဖွယ် စကားပြောတတ်ကြရင်လည်း ကောင်းတာပေါ့၊ တစ်နေ့တစ်ခါ ရယ်ပေးရင် တစ်မိနစ်အသက် ပိုရှည်နိုင်တယ်လို့ ဖတ်ဖူးပါတယ်။

(၇) **စိတ်စေတနာသန့်သန့်နဲ့ လူတွေကိုကူညီကြည့်ပါ။** ပြန်စဉ်းစား တိုင်း စိတ်ချမ်းသာရပါတယ်။ ရံဖန်ရံခါ အများအကျိုး (ဌာန အကျိုး) ဆိုတဲ့ စိတ်နဲ့ စွန့်စားပြီး အနစ်နာခံဆောင်ရွက် ကြည့်ပါ။ အောင်မြင်တဲ့အခါ ကြည်နူးမှုက ရင်ကိုအလွန် အေးမြစေပါတယ်။ ပြန်စဉ်းစားတိုင်း ပီတိဖြစ်ပြီး ချမ်းမြေ့ ငြိမ်သက်မှုကို ရစေပါတယ်။ ဒီစိတ်တွေက ကျန်းမာရေးကို အထောက်အကူ အလွန်ဖြစ်စေပါတယ်။

(၈) **ပြဿနာတစ်ရပ်ရပ်နဲ့ကြုံရင်လည်း ခေါင်းအေးအေးနဲ့စဉ်းစားပြီး ဖြေရှင်းပါ။** တအုံနွေးနွေးဖြစ်ရင် ရောဂါတိုးတယ်၊ အလုပ် ပျက်မယ်၊ စိတ်သောကရောက်မယ်ပေါ့၊ စိတ်သောကဟာ ရောဂါကိုဖိတ်ခေါ်ခြင်း တစ်မျိုးပါ"

> **"သောက"ဆိုတာရောဂါဘက်က ရှေ့နေလို့ ပြောရင်ရမယ် ထင်ပါတယ်။ နောက်ပြီး "ပါပသ္မိံ ရမတိမနော၊ မနော စိတ်သည် ပါပသ္မိံ မကောင်းမှု၌၊ ရမတိ မွေ့လျော်၏လို့ ကြားဖူးပါတယ်။ မကောင်းမှုတွင် မွေ့လျော်တတ်တဲ့စိတ်ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေဖြစ်ပြီး ရောဂါအမျိုးမျိုးအတွက် ရှေ့နေလိုက်သလို ဖြစ်တတ်တယ် မဟုတ်လား။**

"မှန်လိုက်တာဆရာရယ်၊ **'သောက'ဆိုတာရောဂါဘက်က ရှေ့နေလို့ ပြောရင်ရမယ်ထင်ပါတယ်။ နောက်ပြီး ပါပသ္မိံ၊ ရမတိမနော၊ မနော စိတ်သည် ပါပသ္မိံ မကောင်းမှု၌၊ ရမတိ မွေ့လျော်၏လို့ ကြားဖူးပါတယ်။ မကောင်းမှုတွင် မွေ့လျော်တတ်တဲ့စိတ်ကြောင့် လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေဖြစ်ပြီး ရောဂါအမျိုးမျိုးအတွက် ရှေ့နေလိုက်သလို ဖြစ်တတ်တယ်မဟုတ်လား ဆရာရဲ့"**

"ဟုတ်ပါတယ်ခင်ဗျ၊ လွန်ခဲ့တဲ့လကတည်းက နဂါးရုံကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးရဲ့ပေါင်မှာ အနာပေါက်လို့ ခွဲစိတ်ပါရဂူနဲ့ လိုက်ပြပေးလိုက်တာ ဆရာတော်က ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ကျွန်တော်တို့ကို တိုတိုတုတ်တုတ် တရား တစ်ပုဒ်ကို ခုလိုချီးမြှင့်ပေးပါတယ်။

"ရာဇဂြိုဟ်ပြည်မှာ ဗိမ္ဗိသာရမင်းကြီးက ကျောင်းဆောင်ကြီး ဆောက်လှူပြီး ရေစက်ချပွဲကျင်းပတော်မူခိုက် မြတ်ဗုဒ္ဓက ရှစ်လုံးတစ်ပိုဒ်၊ ၃၂ လုံး တစ်ဂါထာဟောပြီး ရပ်တန့်တော်မူနေပါတယ်တဲ့။ မင်းကြီးလည်း ဘေးဘယ်ညာကြည့်ပြီး ပရိသတ်စုံတော်မူပါပြီ။ ဆက်လက် တရား ချီးမြှင့်တော်မူပါဘုရားလို့ ပထမအကြိမ် လျှောက်ထားပါတယ်တဲ့၊ သို့သော် မြတ်ဗုဒ္ဓက ခပ်မဆိတ်နေတော်မူပါတယ်။ မင်းကြီးလည်း ဤသို့ပင် တတိယအကြိမ်အထိ လျှောက်ထားတော့မှ ဘုရားရှင်က မင်းကြီး ယခု ရေစက်ချ တရားဆက်ပေးရင် ဤမည်သောအမတ်သည် ဦးခေါင်း ရှစ်စိတ်ကွဲ၍ အဝီစိငရဲသို့ သွားရပေလိမ့်မည်။ သူ၏စိတ်မှာ ဤမင်းကြီး သည် ယခုကဲ့သို့ ကျောင်းဆောက်လှူဒါန်းခြင်းဖြင့် ဘဏ္ဍာဖြုန်းတီးပစ်သည်။ တိုင်းပြည်အတွက် တစ်ခုခုလုပ်လိုက်လျှင် ပိုကောင်းမှာပဲလို့ တွေးနေသည်ဟု မိန့်ကြားတော်မူပါသတဲ့။

"သာသနာတော်ရဲ့ အထောက်အပံ့ကိုဖြစ်စေတာ၊ အဓွန့်ရှည်အောင် ပြုတာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော ကောင်းကျိုးပြုတာမမြင် လေဘူးဆိုပြီး မင်းကြီးက အဲဒီအမတ်မိုက်ကို မောင်းထုတ်လိုက်ပြီးတော့မှ ဗုဒ္ဓရှင်တော်ဘုရားက တရားဆက်ချီးမြှင့်ပါတော့တယ်။ မြတ်ဗုဒ္ဓရဲ့တရားကို နာကြားရတဲ့ ပရိသတ်အချို့ဟာ မြင့်မြတ်သော ပုထုဇဉ်၊ တချို့က သောတာပန်၊ သကဒါဂါမ်တွေ ဖြစ်ကုန်ကြတယ်တဲ့"

"ဘုန်းကြီးကစိတ်ကို ဆိုချင်တာပါ၊ကုသိုလ်ကောင်းမှုပြုခိုက်တောင်၊ စိတ်မထားတတ်ဘဲ မကြံအပ်မစည်အပ်၊ မတွေးအပ်တာကို တွေးမိရင်၊ အကုသိုလ်ဖြစ်ပြီး အသက်တိုတတ်တဲ့အပြင် အပါယ်လေးဘုံကို သွားရ နိုင်တယ်လို့ ပြောချင်တာပါ။

သို့သော်လည်းပဲ ဒီစိတ်၊ ဒီရုပ်ခန္ဓာကိုရင်းပြီး နိဗ္ဗာန်ရွှေပြည်ကိုလည်း မြန်းလို့ရပါတယ်။ သံသရာရှည်သရွေ့ မြင့်မြတ်တဲ့ဘုံဘဝတွေမှာလည်း ကျင်လည် ရနိုင်ပါတယ်တဲ့။ ယခုဘဝမှာလည်းပဲ စိတ်ကို မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်နဲ့တွဲလို့ ဖြစ်ပေါ်လာတဲ့ မြင်သိစိတ်၊ ကြားသိစိတ်၊ နံသိစိတ် စသည်တို့ရဲ့အလိုကိုမလိုက်ဘဲ သတိပဋ္ဌာန်ဆိုတဲ့ ငုတ်တိုင်မှာချည်ထားပါတဲ့၊ စိတ်ရဲ့ ငြိမ်းချမ်းမှုကိုရပြီး စိတ်ကဦးဆောင် သောကြောင့် ဖြစ်တတ်တဲ့ ရောဂါတွေ မဖြစ်တဲ့အပြင် ရုပ်ရဲ့ဖောက်ပြန်မှု ကြောင့် ဖြစ်တတ်တဲ့ ရောဂါတွေကိုလည်း ကာကွယ်ပေးပါလိမ့်မယ်တဲ့။ အဲဒီငုတ်တိုင်တွေကတော့-

ကာယ နုပဿနာသတိပဋ္ဌာန်၊

ဝေဒနာ နုပဿနာသတိပဋ္ဌာန်၊

ဓမ္မာ နုပဿနာသတိပဋ္ဌာန်၊

စိတ္တာ နုပဿနာသတိပဋ္ဌာန် ငုတ်တိုင်တွေပါပဲလို့မိန့်ပါတယ်"

အဲဒီမှာလည်း ထပ်ရှင်းပါတယ် မိမိကိုယ်ကို ပြန်လည်ဆန်းစစ်ပြီး-

လောဘကြီးပြီး ဉာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ်က ကာယနုပဿနာရှု၊

လောဘနည်းပြီး ဉာဏ်ထက်ရင် ဓမ္မာနုပဿနာရှု၊

လောဘကြီးပြီး ဉာဏ်ထက်ရင် ဝေဒနာနုပဿနာရှုဖို့နဲ့

ဒိဋ္ဌိများပြီး ဉာဏ်ထိုင်းရင် စိတ္တာနုပဿနာရှု လို့ မိန့်ပါတယ်။

"ဟုတ်လိုက်တာဆရာရယ်၊ ကျွန်တော်က စိတ်ကိုမထိန်းနိုင်လို့ ရောဂါတွေ ဖြစ်ပွားရတာကြောင့် စိတ်ကိုရောဂါရဲ့ရှေ့နေလို့ဆိုမိတာပါ။ စိတ်ကို သတိပဋ္ဌာန် လေးပါးနဲ့ထိန်းနိုင်ရင် ရောဂါကင်းပြတ်၊ မြင့်မြတ်ဘုံ ဘဝမှာတစ်ထောက်နဲ့ နိဗ္ဗာန်ရောက်အောင်ပို့နိုင်တာမို့ ကိုယ့်ဘက်သား၊ ကိုယ့်ရှေ့နေ၊ ကိုယ့်လမ်းပြ၊ ကိုယ့်ဘဝသခင် လုပ်ယူရမှာပေါ့နော်"။

"ဟုတ်ပါတယ်ဦးလေးချောခင်ဗျား။ဒီနေရာမှာတတ်သိနားလည်နေရုံနဲ့ မပြီးပါဘူး။ ကိုယ်လုပ်မှ ကိုယ်ရမှာဆိုတာလေး ထပ်ဆောင်းပါရစေ။ ဒါမှ အသက်လည်းရှည်၊ အနာလည်းကင်း၊ သံသရာတွင်းမှာကျင်လည် ရသမျှ ဘုံမြင့်စံဘဝရောက်မှာပါ"။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၄ရက်က ပုလဲမြို့နယ် ကြက်ရင်းကျေးရွာ၊ လယ်ဓမ္မကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ လဲကန်ကျေးရွာနှင့် လက်ပန်ကျေးရွာတို့မှ ပြည်သူများနှင့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ကျေးလက်ပြည်သူလူထု လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ဖွံ့ဖြိုးစေရန် အလေးထားဆောင်ရွက်ပေးနေမှုဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေး မျိုးချစ်စိတ်ဓာတ်အရင်းခံပြီး ပူးပေါင်းဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဩဂုတ် ၁၄ရက် နံနက် ၉နာရီတွင် ပုလဲမြို့နယ် ကြက်ရင်းကျေးရွာ မူလတန်းကျောင်းခန်းမ၌ ကြက်ရင်းကျေးရွာ၊ လယ်ဓမ္မကျေးရွာ၊ ညောင်ကိုင်းကျေးရွာ၊ မိုးကောင်းကျေးရွာ၊ လဲကန်ကျေးရွာနှင့် လက်ပန်ကျေးရွာတို့မှ ပြည်သူများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကျေးရွာပြည်သူများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ စုစုပေါင်း ၉၅၀တို့ တက်ရောက်ကြသည်။

အမှာစကားပြောကြား

တွေ့ဆုံဆွေးနွေးပွဲတွင် ရေးဦးစွာ ကျေးရွာများမှ တာဝန်ရှိသူများက မိမိတို့ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြကြသည်။ ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူများနှင့် ညှိနှိုင်းဆွေးနွေးကာ အမှာစကားပြောကြားသည်။

ဆက်လက်၍ ကြက်ရင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၃၂၇စောင်ကို ကျေးရွာအသင်း စည်းရုံးရေးမှူး ဦးမောင်ညိုက ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကြက်ရင်းကျေးရွာအုပ်စု ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငွေကျပ် ၁၀၀၀၀၀ကို ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းအားပေးအပ်ပြီး ကြက်ရင်းကျေးရွာ ပြည်သူများအတွက် ဆပ်ပြာခဲများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ စောင်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းက လှူဒါန်းသော ပလတ်စတစ်မိုးကာများ၊ ပလတ်စတစ်ပုံးများ၊ စည်သွတ်အသားဘူးနှင့် ပဲဘူးများကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများ၊ စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက စာအုပ်စာတမ်းမျိုးစုံကို ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် ပေးအပ်လှူဒါန်းကြသည်။

ဆက်ကပ်လှူဒါန်း

ထိုမှတစ်ဆင့် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ကြက်ရင်းကျေးရွာရှိ သီရိမင်္ဂလာ ကြက်ရင်းရွာဦးကျောင်းသို့ ရောက်ရှိ၍ ဆရာတော် ဘဒ္ဒန္တ နရပတိသီရိအား ဖူးမြော်ကန်တော့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မွန်းလွဲ ၂နာရီခွဲတွင် ပုလဲမြို့နယ် မင်းတိုင်ပင် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် မင်းတိုင်ပင် ဘင်ခရာနှင့် ပန်းဖွားစွမ်းရည်ပြပွဲသို့ တက်ရောက်အားပေးပြီး ထူးချွန်စွာ စွမ်းရည်ပြကြသည့် ဘင်ခရာနှင့်ပန်းဖွားအဖွဲ့အား ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀၀ ပေးအပ်ချီးမြှင့်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းသည် ညနေ ၄နာရီခွဲတွင် ပုလဲမြို့နယ် ရွာသာ–လိန်ကုန်းကျေးရွာသို့ ရောက်ရှိ၍ ထွန်းလျှံဝေ ရေပေးဝေရေး သမဝါယမအသင်းလီမိတက်၏ ရေစက်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးပြီး ဖဲကြိုးဖြတ်ကာ ရေစက်ကို ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပုလဲမြို့နယ် ကြက်ရင်းကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင် အဆိုပြုလွှာ ၃၂၇ စောင်ကို ကျေးရွာအသင်းစည်းရုံးရေးမှူး ဦးမောင်ညိုက ပေးအပ်စဉ်။
(သတင်းစဉ်)

အမှာစကားပြောကြား

ယင်းနောက် ရွာသာကျေးရွာ၊ လိန်ကုန်းကျေးရွာ၊ ကြိုးကြာဥကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ မွေ့တံကျေးရွာနှင့် ကန်ပေါက်ကျေးရွာတို့မှ ကျေးရွာပြည်သူ ၁၄၀၀ ကျော်နှင့် တွေ့ဆုံပြီး ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးညှိနှိုင်းကာ အမှာစကားပြောကြားသည်။

ဆက်လက်၍ ရွာသာ–လိန်ကုန်းကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာ ၂၆၈၅စောင်ကို အသင်းဝင် ကျောင်းအုပ်ကြီး ဦးဝင်းနိုင်က ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းထံ ပေးအပ်သည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရွာသာ–လိန်ကုန်း ကျေးလက်လမ်းဖောက်လုပ်နိုင်ရေးအတွက် မတည်လှူဒါန်းငွေကျပ် ၃၀၀၀၀၀ ကို လိန်ကုန်းကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဘိုရှင်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက ရွာသာ–လိန်ကုန်းကျေးရွာ ဒေသခံပြည်သူများအတွက် ဆပ်ပြာခဲများ၊ စောင်များ၊ အဝတ်အထည်များ၊ ကျောင်းသုံးစာအုပ်နှင့် ဗလာစာအုပ်များ၊ ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများ၊ မီးဖိုချောင်သုံး ပစ္စည်းများနှင့် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကလှူဒါန်းသော ပလတ်စတစ်မိုးကာများ၊ ပလတ်စတစ်ပုံးများ၊ စည်သွတ်အသားဘူးများနှင့် ပဲဘူးများကို ပေးအပ်လှူဒါန်းသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဩဂုတ် ၁၄ရက်က ပုလဲမြို့နယ် ရွာသာ–လိန်ကုန်းကျေးရွာ ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။
(သတင်းစဉ်)

စာအုပ်မျိုးစုံပေးအပ်

ယင်းနောက် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများနှင့် စစ်ကိုင်းတိုင်းနှင့် မုံရွာခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက ကျေးလက် ကိုယ့်အားကိုယ်ကိုး ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းမျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြသည်။

ကျေးရွာပြည်သူများနှင့် တွေ့ဆုံပွဲ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိုင်ငံတော်က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးတည်မျှော်မှန်းထားသည့် အတိုင်း ဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်ပြည်သူလူထုအတွက် လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် အလေးထား ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ပြည်သူများ အသိပညာ တိုးပွားလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လမ်းညွှန်မှာကြားချက်နှင့်အညီ ၂၀၀၅–၂၀၀၆ ခုနှစ်အတွင်း မြန်မာနိုင်ငံရှိ ကျေးရွာအားလုံးတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ရေးကို ပြန်ကြားရေးဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ကျေးလက်ပြည်သူများ အကျိုးပြုစာပေ၊ ဗဟုသုတစာပေ ဖတ်ရှုနိုင်ရေး ဦးတည်လျက် ဒို့ကျေးရွာဂျာနယ်ကို အကျိုးအမြတ်လုံးဝမယူဘဲ ထုတ်ဝေဖြန့်ချိပေးနေမှုများ၊ တိုင်းပြည်နှင့်လူမျိုး ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ တာဝန်ရှိသူများ နေ့မအား ညမနား ဆောင်ရွက်ပေးနေမှုများ၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းလာစေရန် အမျိုးသားညီလာခံကို စနစ်တကျ ကျင်းပနေမှုများ၊ နိုင်ငံတော်အကြီးအကဲ၏ ဦးဆောင်မှုဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ချမှတ်ထားသော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ယင်းသို့ ဆောင်ရွက်နေမှုတွင် မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံပြီး ပါဝင်ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပုံများ၊ နိုင်ငံတော်တွင် ကျောင်းသားလူငယ်များ ပညာရည်မြင့်မားရေးအတွက် အခြေခံပညာကျောင်းများ၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ *

စီမံ/ စီးပွားဝန်ကြီးဦးစိုးသာအား ဂျပန်ပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ်တွေ့ဆုံ

ရန်ကုန် ဩဂုတ် ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာအား ဂျပန်နိုင်ငံပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် မစ္စတာ ကေအီရှိရို ဖူကူရှီမားနှင့်အဖွဲ့သည် ယနေ့နံနက်၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး သူရိန်ဇော်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ နိုဘူတာကဲ့ အိုဒါနိုနှင့် သံရုံးမှတာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

(သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာအား ဂျပန်နိုင်ငံ ပါလီမန်အတွင်းဝန်နှင့် အထက်လွှတ်တော်အမတ် မစ္စတာ ကေအီရှိရို ဖူကူရှီမားနှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

✻ စာမျက်နှာ ၁၁ မှ

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများကို ပြည်နယ်နှင့်တိုင်းအနှံ့ တိုးချဲ့ဖွင့်လှစ်ထားမှုအခြေအနေများ၊ ခေတ်မီပညာရေးစနစ်ဖြစ်သည့် အီလက်ထရွန်နစ် ပညာရေးစနစ်ဖြင့် သင်ကြားပေးနေမှုများကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဖြည့်ဆည်းပေး

ညနေပိုင်းတွင် ဗဟိုအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် နိုင်ငံတော်နှင့် စေတနာရှင်ပြည်သူများ ထည့်ဝင်လှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိသည့် ပုလဲမြို့ အခြေခံပညာ အထက်တန်းကျောင်း နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အချောသတ်လုပ်ငန်းများကို အမြန်ဆုံး လုပ်ဆောင်၍ ကျောင်းသား၊ ကျောင်းသူများအား ကျောင်းဆောင်သစ်၌ စတင်ကာ ပညာသင်ကြားနိုင်အောင် ဆောင်ရွက်ရေး၊ လိုအပ်သည့်စာသင်ခုံနှင့် ပရိဘောဂများ အမြန်ဆုံး ဖြည့်တင်းနိုင်ရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ဩဂုတ်၁၅ရက်က ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်၊ တာဝန်ခံအင်ဂျင်နီယာ ဦးတင်ထွန်းတို့ ကျိုက်ထိုမြို့ ကျိုက်ထီးရိုး ဘုရားလမ်းဆုံရှိ မြေခင်းအဝိုင်း အလှပြုပြင်ရေးလုပ်ငန်းကို ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြစဉ်။

(မြို့နယ်စည်ပင်)

(၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၆ ခုနှစ် (၆၁)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးမည် ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

ဝတ္ထုရှည်နှင့် ဝတ္ထုတိုပြိုင်ပွဲဝင်သူများသည် တပ်မတော်၏ အစဉ်အလာ(၁၂)ရပ်နှင့် ဘောင်ဝင်အောင် ရသမြောက်စွာရေးဖွဲ့၍ ဝင်ရောက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး ခေါင်းစဉ် သတ်မှတ်ပေးထားခြင်းမရှိဘဲ မိမိနှစ်သက်ရာခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်နိုင်သည်။ ပြိုင်ပွဲဝင်ဝတ္ထုရှည်ကို စာလုံးရေ ၅၀၀၀၀မှ ၇၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်ပြီး ဝတ္ထုတိုကို စာလုံးရေ ၄၀၀၀မှ ၁၀၀၀၀အတွင်း ရေးသားကြရမည်ဖြစ်သည်။

ပြိုင်ပွဲဝင်ဆောင်းပါးကို စာလုံးရေ ၃၀၀၀မှ ၅၀၀၀အတွင်း ရေးသားရမည်ဖြစ်ပြီး ဆောင်းပါးအတွက် သတ်မှတ်ပေးထားသောခေါင်းစဉ်မှာ “တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်” ဖြစ်သည်။

ပြိုင်ပွဲဝင်သူများသည် စာမူနှစ်စောင်နှင့်အတူ မိမိကိုယ်တိုင် ရေးသားသော စာမူဖြစ်ကြောင်း၊အခြား ပြိုင်ပွဲများတွင် ဆုရရှိထားသည့် စာမူ၊ ပုံနှိပ်ဖော်ပြဖူးသည့် စာမူမဟုတ်ကြောင်း ကတိဝန်ခံချက်၊ စာရေးသူ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (၂ လက်မခွဲ x ၂ လက်မ)အရွယ် နှစ်ပုံတို့ကို ပူးတွဲပေးပို့ရမည်ဖြစ်သည်။ ဝတ္ထုရှည်၊ ဝတ္ထုတိုနှင့် ဆောင်းပါးပြိုင်ပွဲများသို့ စာပေဝါသနာရှင်တိုင်း ကဏ္ဍတစ်မျိုးတွင် တစ်ပုဒ်ကျစီ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ ပြိုင်ပွဲအားလုံးတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုများကို ထိုက်ထိုက်တန်တန်ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများကို ဦးကိုကိုထွေး အတွင်းရေးမှူး တပ်မတော်နေ့ စာပေနှင့် ဓာတ်ပုံပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း ရန်ကုန်မြို့သို့ လိပ်မူ၍ ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

(သတင်းစဉ်)

SANYO စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများ ရှင်းလင်းပြသ

ရန်ကုန် ဩဂုတ် ၁၉

အိုကေမြန်မာကုမ္ပဏီလီမိတက် SANYO အမှတ်တံဆိပ်စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများ ရှင်းလင်းပြသခြင်း အခမ်းအနားကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ Summit Parkview ဟိုတယ် Grand Ballroom ခန်းမ၌ ကျင်းပသည်။

အိုကေမြန်မာကုမ္ပဏီလီမိတက်၏ SANYOအမှတ်တံဆိပ် စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများ ရှင်းလင်းပြသခြင်းအခမ်းအနားကို ရန်ကုန်မြို့ Summit Parkview ဟိုတယ် Grand Ballroom ခန်းမ၌ကျင်းပရာ အိုကေမြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (သတင်းစဉ်)

အခမ်းအနားသို့ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသူများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ SANYOအရောင်းကိုယ်စားလှယ်များ၊ ဂျပန်နိုင်ငံ SANYO (Commercial) ဥက္ကဋ္ဌ Mr. Katsushisa Kawashima နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အိုကေမြန်မာကုမ္ပဏီလီမိတက် မန်နေဂျင်းဒါရိုက်တာ ဦးကျော်ကျော်လှိုင်က နှုတ်ခွန်းဆက်စကားပြောကြားပြီး SANYO (Commercial) ဥက္ကဋ္ဌ Mr. Katsushisa Kawashima က ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် SANYO Electronic Co., Ltd (Commercial Group) General Manager Mr. Tetsuju Tokunaga က SANYO စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများ အရည်အသွေးနှင့် မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ဖြူးမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ အိုကေမြန်မာ ကုမ္ပဏီလီမိတက်မှ မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ဖြူးမည့် SANYOစီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းတစ်မျိုးချင်း၏ အသေးစိတ်အချက်အလက်များကို ဗီဒီယို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အိုကေမြန်မာကုမ္ပဏီလီမိတက်သည် ဂျပန်နိုင်ငံ SANYO Electronic Corporation ၏ မြန်မာနိုင်ငံ ဈေးကွက်ဖြန့်ချိရေး တရားဝင်ကိုယ်စားလှယ်ဖြစ်သည်။ SANYO အမှတ်တံဆိပ် အိမ်သုံးလျှပ်စစ်ပစ္စည်းအမျိုးမျိုးကို တင်သွင်းဖြန့်ဖြူးလျက်ရှိရာ စီးပွားရေးလုပ်ငန်းသုံး လျှပ်စစ်ပစ္စည်းများကို တိုးချဲ့ဖြန့်ဖြူးရန် စီစဉ်လျက်ရှိသည်။ ဖြန့်ဖြူးရောင်းချမည့် စီးပွားရေးလုပ်ငန်းသုံး ပစ္စည်းများတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာကြီးများနှင့် ကွန်ဒိုမီနီယံများအတွက် စနစ်မျိုးစုံ အသုံးပြုနိုင်သည့် လေအေးပေးစက်ကြီးများ၊ လုပ်ငန်းသုံး အဝတ်လျှော်စက်ကြီးများ၊ အခြောက်ခံစက်ကြီးများနှင့် စူပါမားကက်၊ စတိုးဆိုင်ကြီးများနှင့် စားသောက်ဆိုင်ကြီးများအတွက် အအေးခန်း Show Case အမျိုးမျိုး၊ အသား၊ ငါးများသိုလှောင်သည့် Deep Freezer အရွယ်အစားအမျိုးမျိုးတို့ပါဝင်ပြီး လက်ရှိအခြေအနေတွင် အထူးဈေးနှုန်းဖြင့် ရောင်းချပေးရန် စီစဉ်ထားသည်။

အရောင်းပြခန်းကို အမှတ်(၁၆၃) ဗိုလ်အောင်ကျော်လမ်း(အလယ်) ကျောက်တံတားမြို့နယ် ဖုန်း-၀၁-၃၇၇၆၂၇တွင် ဖွင့်ထားပြီး ရွှေဂုံတိုင်မီးပွိုင့်အနီး ဒဂုံတာဝါမြေညီထပ်ရှိ ကုမ္ပဏီရုံးချုပ်နှင့် အရောင်းပြခန်း ဖုန်း ၀၁-၅၄၄၄၆၃၊ ၅၄၄၄၆၄၊၅၄၄၄၆၅၊ ၅၅၂၅၁၀တို့သို့ဆက်သွယ်မေးမြန်းနိုင်သည်။

(သတင်းစဉ်)

နောင်လိုင်၌ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ အရုပ်အသံကြည်လင်စွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိ

ရန်ကုန် ဩဂုတ် ၁၉

ရုပ်မြင်သံကြား တိုးချဲ့ထုတ်လွှင့်ရေးအစီအစဉ်အရ ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်လိုင်၌ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ၂၀၀၅ခုနှစ် ဩဂုတ် ၁၄ရက်တွင် လုပ်ငန်းများပြီးစီးခဲ့သည်။

အဆိုပါ စက်ရုံမှ လွှင့်အား (၁၀၀)ဝပ် လိုင်းနှုန်း ၁၂ဖြင့် ၂၀၀၅ခုနှစ် ဩဂုတ် ၁၅ရက်မှစတင်၍ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်များကိုအရုပ်အသံကြည်လင် ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)မှ လှူဒါန်းသော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆေးပစ္စည်းများနှင့် ပညာရေးဆိုင်ရာ ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အလက(၁) ကျောင်းခန်းမတွင် ဩဂုတ် ၁၆ရက်က ကျင်းပရာ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေး စောက်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်က မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်များအား ဆေးပစ္စည်းများပေးအပ်စဉ်။ (မိခင်/ကလေး)

(၆၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲ စည်းကမ်းချက်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၆ ခုနှစ် မတ်လ ၂၇ရက်တွင် ကျရောက်မည့် (၆၁)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသော အားဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သော ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီ၏ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီက တပ်မတော်နေ့ အထိမ်းအမှတ် စစ်ချီစစ်ရေးတေးပြိုင်ပွဲများကို ကျင်းပသွားမည်ဖြစ်ကြောင်း ယနေ့ထုတ်ပြန်ကြေညာသည်။

စစ်ချီတေးပြိုင်ပွဲနှင့်ပတ်သက်၍ အလွတ်တန်းအဆင့်တစ်ဆင့်တည်းသာ သတ်မှတ်ထားပြီး စစ်ရေးတေးပြိုင်ပွဲအနေဖြင့် အဆင့် (၁)နှင့် အဆင့် (၂) နှစ်ဆင့်သတ်မှတ်ထားသည်။ ပြိုင်ပွဲအဆင့်တိုင်းတွင် ပထမ၊ ဒုတိယ၊ တတိယဆုများအပြင် အထူးဆုများကိုပါ ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်တေးသီချင်းများ၏ စည်းကမ်းသတ်မှတ်ချက်များတွင် စစ်ချီစစ်ရေးတေးပြိုင်ပွဲအတွက် နိုင်ငံတော်၏ ဦးတည်ချက် (၁၂) ရပ်၊ (၆၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များနှင့် တပ်မတော်၏အစဉ်အလာ (၁၂) ရပ်တို့အပေါ်တွင်အခြေပြု၍ ဘောင်ဝင်အောင် ရေးစပ်သီကုံးကြရမည်။ စစ်ချီတေးအတွက် မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး စစ်ရေးတေးအတွက် အဆင့် (၁)နှင့် အဆင့် (၂) ဟူ၍ နှစ်ဆင့်ခွဲခြားထားမည်ဖြစ်ရာ အဆင့် (၁) ရှိသူ ဂီတစာဆိုနှင့် တေးသံရှင်များအား အဆင့် (၂)ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်မဟုတ်ပါ။ ထို့အပြင် စစ်ရေးတေးအဆင့် (၂)တွင် ယခင်နှစ်များက ပထမ၊ ဒုတိယ၊ တတိယရရှိသူများသည် အဆင့် (၁)တွင်သာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲတွင် တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အနေဖြင့်သော်လည်းကောင်း သီချင်းတစ်ပုဒ်ကိုသာယှဉ်ပြိုင်ခွင့်ပြုမည်။ ပြိုင်ပွဲဝင် စစ်ချီတေးသီချင်းများသည် စစ်ချီသီချင်း စပ်ထုံးစပ်နည်း စနစ်များနှင့်အညီ ကိုက်ညီရမည်။ ပြိုင်ပွဲဝင် စစ်ရေးတေးသီချင်းများသည် မြန်မာ့တေးသွား၊ မြန်မာ့ဟန်ဖြစ်ရမည်ဖြစ်ပြီး ပြိုင်ပွဲဝင် စစ်ချီ၊ စစ်ရေးတေးအားလုံးသည် ကိုယ်ပိုင်သံစဉ်တေးသွားဖြစ်ရမည်။ မြန်မာ့တေး စပ်ထုံးစပ်နည်းများနှင့်အညီ အပိုဒ်၏ အဆုံးချကာရန်များတူညီရမည်။ အချိန်လေးမိနစ်မှ ခြောက်မိနစ်အတွင်းသာဖြစ်ရမည်။

ပြိုင်ပွဲဝင်သီချင်းများကို ခိုင်ခံ့သောအဆိုနှင့် ပြည့်စုံသောတီးခတ်မှုများဖြင့်ပါဝင်ယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်ကက်ဆက်တိပ်ခွေ (သို့မဟုတ်) Reel (သို့မဟုတ်) Dat ခွေတစ်ခွေတွင် တေးသီချင်းတစ်ပုဒ်သာ အသံသွင်းယှဉ်ပြိုင်ရမည်။ ခေါင်းစဉ်ကို သင့်လျော်သလိုပေးနိုင်သည်။ ပြိုင်ပွဲဝင်တေးသီချင်းစာသားကို လက်နှိပ်စက်မိတ္တူ (သို့) ကွန်ပျူတာ ၁၀ရွက်နှင့် Music Notes မူရင်းတစ်ရွက်ကို ကက်ဆက်ခွေ (သို့မဟုတ်) Reel (သို့မဟုတ်) Dat တိပ်ခွေနှင့် တစ်ပါတည်းပူးတွဲတင်ပြရမည်။ ပြိုင်ပွဲဝင်တေးရေးသူ၊ တေးဆိုသူတို့၏ ကိုယ်ရေးအတ္ထုပ္ပတ္တိအကျဉ်းချုပ်နှင့် ရောင်စုံဓာတ်ပုံ (၂လက်မx၂လက်မခွဲ) (သုံး) ပုံပူးတွဲပေးပို့ရမည်။ ပဏာမရွေးချယ်ခံရသူများအား အကြောင်းကြားမည်။ ပဏာမရွေးချယ်ခံတေးများသည် အပြီးသတ်ရွေးချယ်ခံနိုင်ရန်အတွက် ပြန်လည်အသံသွင်းပြီး အသံသွင်းကြိုးခွေ တိပ်ခွေဖြင့် ထပ်မံယှဉ်ပြိုင်ရမည်။ ပြိုင်ပွဲဝင်တေးသီချင်းများကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၃၁ရက် နောက်ဆုံးထား၍ ဦးကိုကိုထွေး အတွင်းရေးမှူး၊ တပ်မတော်နေ့ စစ်ချီစစ်ရေးတေးပြိုင်ပွဲ ကျင်းပရေးဆပ်ကော်မတီ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပြည်လမ်း၊ ရန်ကုန်မြို့သို့ပေးပို့ကြရမည်ဟု ဖော်ပြပါရှိသည်။ (သတင်းစဉ်)

ဆက်ကပ်

မြောက်ဥက္ကလာပမြို့နယ် (ည) ရပ်ကွက် သုနန္ဒာလမ်း ပြည့်စုံအေး မဟာစည် သာသနာ့ရိပ်သာကျောင်းတိုက် ပဓာန နာယက ဘဒ္ဒန္တ သုဇာတအား အမှူးထား၍ အဋ္ဌမအကြိမ်မြောက် စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်ပွဲကို ဩဂုတ် ၁၉ရက် (ဝါခေါင်လပြည့်နေ့)က ကျင်းပစဉ်။

(၆၁)

သစ်တောရေးရာဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံမှာကြား

ရန်ကုန် ဩဂုတ် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဘုရင့်နောင်လမ်းရှိ သစ်တောဦးစီးဌာနရုံးချုပ် တော်ဝင်ခန်းမ၌ ရန်ကုန်တိုင်း သစ်တောဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ တာဝန်နှင့်ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ရေး၊ စိုက်ခင်းလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်ရေး၊ ဝန်ထမ်းများ ကိုယ်ကျင့်တရားကောင်းမွန်ရေးနှင့် တရားမဝင်သစ်ထုတ်မှုများပပျောက်ရေးတို့ကို အသေးစိတ်မှာကြားသည်။

(အောက်ပုံ) (သတင်းစဉ်)

မလေးရှားအိုးပင်း စစ်တုရင်ပြိုင်ပွဲယှဉ်ပြိုင်ရန် ထွက်ခွာ

ရန်ကုန် ဩဂုတ် ၁၉

မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က (၂၃) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ရွေးချယ်ထားသော လက်ရွေးစင် စစ်တုရင် အားကစားသမားများဖြစ်သည့် ဝင်းဇော်ထွန်း (အပြည်ပြည်ဆိုင်ရာမာစတာ) လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် မျိုးနိုင် (အပြည်ပြည်ဆိုင်ရာ မာစတာ) ပြည်ထဲရေးဝန်ကြီးဌာန **(ယာပုံ)** တို့သည် မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တွင် ဩဂုတ် ၂၀ ရက်မှ ၃၁ ရက်အထိ ကျင်းပမည့် မလေးရှား အိုးပင်း စစ်တုရင်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရန်နှင့် စက်တင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ ကျင်းပမည့် အာရှဇုန်လက်ရည်စစ်ပြိုင်ပွဲတွင် ယှဉ်ပြိုင်ရန်အတွက် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့သို့ ယနေ့နံနက် ၈ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ထွက်ခွာသွားသည်။

(စစ်တုရင်အဖွဲ့ချုပ်)

မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ပွဲ တံခွန်အသင်း သရေကျသော်လည်း ကွာတားတက်

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၅-၂၀၀၆ ဘောလုံးရာသီ မြန်မာလိဂ် အဆင့်မြင့်တန်း ကွင်းဖွင့်ဖလား ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ၄နာရီက လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ဆက်လက်ကျင်းပရာ ဆောက်လုပ်ရေးအသင်းနှင့် တံခွန်အသင်းတို့ တစ်ဖက်တစ်ဂိုးစီဖြင့် သရေပွဲဖြစ်သွားသည်။

ဆောက်လုပ်ရေးအသင်း တစ်ဂိုး။
(ဆန်းဒေးသိန်း)

တံခွန်အသင်း တစ်ဂိုး။
(နီမောင်မောင်အောင်)

ဒိုင်လူကြီး ဦးလှသန်းမောင်။

သရေကျရုံဖြင့်အုပ်စုတက်မည့် တံခွန်အသင်းနှင့်အနိုင်ရရှိမှသာ အုပ်စုတက်နိုင်မည့် ဆောက်လုပ်ရေးအသင်းတို့ ကွာတားဖိုင်နယ်တက်ရေး အကြိတ်အနယ်ယှဉ်ပြိုင်ကစားကြရာ ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။

အုပ်စုပထမပွဲတွင် ပို့ဆောင်ရေးကို အနိုင်ကစားပြီး ဒုတိယပွဲ၌ ဘဏ္ဍာ/အခွန်ကို သရေကစားထားနိုင်၍ စိတ်ဓာတ်တက်ကြွနေသော တံခွန်အသင်းနှင့်ပို့ဆောင်ရေးကိုအနိုင်ရထား၍ အုပ်စုတက်ရေး မျှော်လင့်ချက်ရှိသည့် ဆောက်လုပ်ရေးအသင်းတို့ပွဲစကတည်းက အနိုင်ရရှိရေးကြိုးစားကြသော်လည်း ပထမပိုင်းတွင် တစ်ဖက်နှင့် တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိသရေဖြစ်နေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးရရှိရေး တိုက်စစ်အား မြှင့်တင်လာကြသည်။ တံခွန်အသင်းက သရေအထိရသော်လည်း အနိုင်ရရှိရေးအတွက် အချိတ်အဆက်မိမိ ကစားရာ ဆောက်လုပ်ရေးအသင်း ထင်သလိုကစား၍ မရဖြစ်နေသည်။ ဂိုးရရှိရေး နေရာစုံမှ ထိုးဖောက်နေသော ဆောက်လုပ်ရေးအသင်း ၂၂မိနစ်တွင် ဦးဆောင်ဂိုးစတင်ရရှိသွားသည်။ ထောင့်ကန်ဘောမှ တစ်ဆင့် ဆန်းဒေးသိန်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။

ပွဲပြီးရန် နှစ်မိနစ်အလိုတွင် နီမောင်မောင်အောင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့နိုင်သဖြင့် တံခွန်က ချေပဂိုးရကာ တစ်ဂိုးစီ သရေကျသွားသည်။

အုပ်စုပွဲစဉ်များ ယနေ့ပြီးဆုံးသွားရာ (က) အုပ်စုမှ ပြည်ထဲရေးနှင့် လယ်/ဆည် (ခ)အုပ်စုမှ စီးပွား/ကူးသန်းနှင့်သစ်တောရေးရာ၊ (ဂ)အုပ်စုမှ စွမ်းအင်နှင့် ကမ္ဘောဇ၊ (ဃ) အုပ်စုမှ လက်ရှိချန်ပီယံ ဘဏ္ဍာ/အခွန်နှင့် တံခွန်တို့ ကွာတားဖိုင်နယ်သို့ တက်သွားသည်။ (ကြေးမုံ)

မုတ်သုံလေ အားကောင်းမည်

ရန်ကုန် ဩဂုတ် ၁၉

လွန်ခဲ့သော ၂၄နာရီအတွင်း စစ်ကိုင်းတိုင်းအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းတွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး မွန်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ မုတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၅ဒသမ ၄၇ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၇၂ လက်မ၊ မော်ဘီမြို့တွင် ၂ ဒသမ ၅၂ လက်မ၊ ရွှေကျင်မြို့တွင် ၂ ဒသမ ၂၄ လက်၊ ရေးမြို့တွင် ၂ ဒသမ ၀၅ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၇၆ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားကောင်းနေသည်။

ဩဂုတ် ၂၀ရက် ညနေထိ ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းအောက်ပိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအထက် ပိုင်းနှင့်မန္တလေးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြားမိုးရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်း ၈၀ ဖြစ်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီတိုင်း ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခေတ္တမျှ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ အများအားဖြင့် မုတ်သုံလေ အားကောင်းမည်။

သံလွင်နှင့်စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်၌ တည်ရှိနိုင်

ရန်ကုန် ဩဂုတ် ၁၉

သံလွင်မြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ ဘားအံမြို့၌ ၈၂၀ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း စိုးရိမ်ရေမှတ် ၇၅၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် ၆နာရီခွဲအချိန် တိုင်းထွာချက်အရ မဒေါက်မြို့၌ ၁၁၆၃ စင်တီမီတာသို့ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂နာရီအတွင်း စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။ (သတင်းစဉ်)

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်ရှား

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၅ ခုနှစ် ဩဂုတ် ၁၉ရက် မြန်မာစံတော်ချိန် မွန်းလွဲ ၁နာရီ ၄၃မိနစ် ၅၉စက္ကန့်အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အနောက်မြောက်ဘက်မိုင် ၁၃၀ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်းနေရာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာရရှိသည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းဆေးခန်းအတွက် ဆေးဝါးနှင့် ငွေလှူဒါန်း

ရန်ကုန် ဩဂုတ် ၁၉

ရန်ကင်း ပြည်သာယာ ရွှေပြည်ဟိန်းကျောင်း ကုသိုလ်ဖြစ်ဆေးခန်းအတွက် ဆေးပစ္စည်းနှင့် အလှူတော်ငွေများ လှူဒါန်းလျက်ရှိကြရာ လသာမြို့နယ် ၂၄-လမ်းနေ မနီနီမြင့်က ငွေကျပ် သုံးသောင်းနှင့် ကျပ်ငွေ နှစ်သောင်းတန်ဖိုးရှိဆေးပစ္စည်းမျိုးစုံကို တတိယအကြိမ်မြောက် အဖြစ်လည်းကောင်း၊ သမီးမသန္တာဦးနှင့် မသင်းနွယ်စိုး မွေးနေ့အတွက် တက္ကသိုလ်ရိပ်သာလမ်း မိသားစုက ငွေကျပ်ငါးသောင်းကိုလည်းကောင်း ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။ (က-ပ)

မှတ်တမ်းတင် ဓာတ်ပုံရိုက်

ဩဂုတ် ၁၉ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E.Mr. Ali Alatas နှင့်အတူ ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ မှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

(သတင်းရှေ့ဖုံး)

(သတင်းစဉ်)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ခုနှစ် ဩဂုတ် ၂၀ ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံသမ္မတ မစ္စတာ ဖယ်ရန့် မာဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ ခုနှစ် ဩဂုတ် ၂၀ရက်တွင် ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်-နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဟန်ဂေရီသမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဖယ်ရန့် ဂူရာ့ဆာနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အာဆီယံလူငယ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်အသင်းဗိုလ်စွဲ

ရန်ကုန် ဩဂုတ် ၁၉

၂၀၀၅ခုနှစ် အာဆီယံအသက်(၂၀)အောက် လူငယ်ဘောလုံးပြိုင်ပွဲ **(Asean U-20 Youth Championship 2005)** ဗိုလ်လုပွဲကို ယနေ့ဒေသစံတော်ချိန် ညဂနာရီတွင် အင်ဒိုနီးရှားနိုင်ငံ **(Palenbang)** ၌ ဆက်လက်ကျင်းပသည်။

ဗိုလ်လုပွဲတွင် မြန်မာလူငယ်လက်ရွေးစင် ဘောလုံးအသင်းနှင့် မလေးရှားလူငယ် လက်ရွေးစင်ဘောလုံးအသင်းတို့ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်လက်ရွေးစင်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။ မြန်မာလူငယ်အသင်းအတွက် အနိုင်ဂိုးကို ပထမပိုင်း(၂)မိနစ်တွင် နံပါတ်(၉) လှအေးထွေးက သွင်းယူခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံးနောက်ထပ်ဂိုးသွင်းရန် ကြိုးစားသော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်၍ မြန်မာလူငယ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

အောင်ပွဲရ မြန်မာလူငယ် ဘောလုံးအသင်းသည် ဩဂုတ် ၂၁ရက် (တနင်္ဂနွေနေ့) ညနေ ၄နာရီ မိနစ် ၅၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြမည်ဖြစ်သည်။ (သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍ အလျင်အမြန်တိုးတက်စေရန် ဆောင်ရွက်ပေးနေ

လက်မှုလယ်ယာမှ စက်မှုလယ်ယာအဖြစ် အဆင့်မြှင့်တင် အချင်းချင်း ဝိုင်းဝန်းကူညီလက်တွဲ ကြိုးစားအားထုတ်

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဩဂုတ် ၁၈ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မော်တော်ယာဉ် များဖြင့် ထွက်ခွာကာ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် လက်ပြကျေးရွာ၌ ကျင်းပသော ၂၀၀၅-၂၀၀၆ ခုနှစ် မွန်ပြည်နယ် ရေတော်မိုးတော် မိုးစပါးထွန်တုံးပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေး အမှာစကားပြောကြားပြီး ဒေသတွင်း ကျေးလက်ပြန်ဖွံ့ဖြိုးရေးလုပ်ငန်း၊ ပညာရေးနှင့် ကျန်းမာရေးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း စီမံဆောင်ရွက်ပေးသည်။

ကြိုဆို

ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် နံနက် ၈နာရီခွဲတွင် ပဲခူးတိုင်းနှင့်မွန်ပြည်နယ်တို့ကို ဆက်သွယ်ထားသော စစ်တောင်းတံတားသို့ ရောက်ရှိကြရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ✧